မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည့် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ တနလာ်နေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဆောင်းပါး

သဘာဝမြေဩဇာတိကျစ်စာမြေဆွေးသုံးစွဲရေးအလေးထားစို့ ..... စာ - ၁၃ သို့

လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ ..... စာ - ၈ သို့

ကျောက်ဆည်မြို့နယ်အရှေ့သပြေကုန်းကျေးရွာ၌ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း ..... စာ - ၁၄ သို့

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများ တိုက်ရိုက်ဖြန့်ဖြူးရောင်းချ



နေပြည်တော် ဧပြီ ၁၉

နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ပေါင်းစပ်၍ နွေစပါး စိုက်ပျိုးသည့် တောင်သူများ သွင်းအားစု ဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာအသုံးပြုနိုင်စေရန်နှင့် ဈေးနှုန်းသက်သာစွာ အလွယ်တကူဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါး ထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော နေပြည်တော်ကောင်စီနယ်မြေရှိ ကျေးရွာများသို့ ပုလဲဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ်တစ်သိန်းငါးရာနှုန်း လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက် ဖြန့်ဖြူးရောင်းချပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ **စာမျက်နှာ ၁၇ ကော်လံ ၁ ■**

ပုသိမ်ခရိုင်၌ နွေစပါးကော ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပုသိမ် ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စပါးကော ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားကော ၂၃၀၉၁ ကော ကို ဖေဖော်ဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ကော ၂၃၀၃၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၂၃၀၉၁ ကော လျာထားစိုက်ပျိုးခဲ့ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၅ ❍



ထူးခြားသည့်နေ့အပူချိန်များ

၁၉-၄-၂၀၂၆

ချောက်	၄၃	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
မင်းဘူး	၄၂	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
မကွေး	၄၂	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
မြင်းခြံ	၄၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
စစ်ကိုင်း	၄၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မန္တလေး	၄၁	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ညောင်ဦး	၄၁	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
အောင်လံ	၄၁	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
တံတားဦး	၄၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်

(လေကြောင်းမိုးလေဝသ)



အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၀ ရက်)

နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါတို့မြန်မာ

မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီသည် ပြန်လည်၍ ဦးမော့လာပြီဖြစ်သည်။ ဒီမိုကရေစီစနစ်၏အခင်းအကျင်းများဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီး ၃ ရပ်မှာလည်းပီပြင်ထင်ရှားစွာထွက်ပေါ်လာပြီဖြစ်သည်။ မိမိတို့ပြည်သူများမျှော်လင့်ခဲ့ရသော အစိုးရသစ်ကိုရရှိသည့်အခါ မိမိတို့ပြည်သူများကိုယ်တိုင်ကူညီအားပေး၍ အစိုးရသစ်နှင့်အတူလက်တွဲကာ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်သယ်ပိုးကြဖို့အဆင်သင့်ဖြစ်နေကြပေပြီ။ ပြည်သူများဘက်က အဆင်သင့်ဖြစ်နေခြင်းနှင့်အတူ အစိုးရအဖွဲ့ကိုကောင်းမွန်စွာထောက်ကူပေးမည့် နိုင်ငံဝန်ထမ်းများကလည်း အဆင်သင့်ရှိနေကြပြီဖြစ်သည်။

ပြည်သူတို့ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ခေါင်းဆောင် နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုဖြင့် ပေါ်ထွက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတော်၏ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုသားများ၏စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုသားအားလုံး တန်းတူညီတူအေးအတူပူအမျှနေနိုင်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးစားဆောင်ရွက်နေပြီဖြစ်သည်။

ဒီမိုကရေစီအုတ်မြစ်ခိုင်ခံ့သွားအောင်တည်ဆောက်မည့် အစိုးရသစ်ပေါ်ထွက်လာခဲ့ပြီဖြစ်၍ မြန်မာနိုင်ငံ၏ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းသည် ဖြောင့်ဖြောင့်တန်းတန်းတည့်တည့်မတ်မတ် လျှောက်လှမ်းနိုင်တော့မည်ဖြစ်သည်။ ပြည်သူလူထု၏တစ်ခဲနက်မဲပေးရွေးချယ်ထောက်ခံမှုဖြင့် ပေါ်ပေါက်လာသည့် နိုင်ငံတော်အစိုးရသစ်သည် ပြည်သူလူထု၏ကောင်းကျိုးစီးပွားများစွာဖန်တီး တည်ဆောက်အကောင်အထည်ဖော်ဆောင်ပေးမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြောင့် တိမ်းစောင်းခဲ့သည်များကို ပြန်လည်တည့်မတ်နိုင်ခဲ့ပြီဖြစ်၍ ပြည်သူတစ်ရပ်လုံးကလည်း အားရဝမ်းသာပျော်ရွှင်လျက်ရှိနေကြသည်။

ဤသို့ပျော်ရွှင်လျက်ရှိသည့်မြင်ကွင်းများကို မြန်မာသတ္တရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်ကာလရေသဘင်ပွဲတော်အခမ်းအနားများကသက်သေပြခဲ့ပြီးဖြစ်သည်ကို ပြည်သူများမြင်တွေ့ခဲ့ကြရပြီးဖြစ်သည်။ လူငယ်လူရွယ်သိန်းပေါင်းများစွာတို့ အေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်လည်း လူငယ်များ၏ပါဝင်မဲပေးမှုမှာအခြားသောအရွယ်ထက်အများဆုံးဖြစ်ခဲ့သည်။ လူငယ်လူရွယ်များအပါအဝင် ပြည်သူလူထု၏စည်းလုံးညီညွတ်မှုအင်အားနှင့် ထောက်ခံကူညီမှုကိုအားပြု၍ အနာဂတ်နိုင်ငံတော်ကို အကောင်းဆုံးအနေအထားသို့ရောက်ရှိအောင် ဆောင်ရွက်ကြမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက်က နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့်မိန့်ခွန်းတွင် **"ခုအချိန်မှာ ကျွန်တော်တို့ဟာ ပြည်သူ့ဆန္ဒနဲ့အညီ ပြည်သူတွေလိုလားတဲ့ လမ်းကြောင်းမှန်ပေါ်ကိုပြန်ရောက်နေပါပြီ။ ဒီမိုကရေစီစာမျက်နှာသစ်၊ တစ်နည်းအားဖြင့်ပြောရရင် ဒုတိယစာမျက်နှာကိုရေးဆွဲကြဖို့ အစပြုနေကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တို့အကြားမှာ ညှိညှိနှိုင်းနှိုင်း၊တိုင်တိုင်ပင်ပင်နဲ့ နိုင်ငံ့အကျိုးကိုရှေးရှုဆောင်ရွက်သွားကြဖို့မှာကြားလိုပါတယ်။ တွေ့ကြုံလာရမယ့် အခက်အခဲမှန်သမျှကို ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး စည်းစည်းလုံးလုံးဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ "အစကောင်းမှအနှောင်းသေချာ" ဆိုသလို အတိတ်ကလိုနောက်ကြောင်းပြန်လှည့်သွားရတာမျိုးမဖြစ်အောင် အားလုံးကထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားကြဖို့တိုက်တွန်းမှာကြားလိုပါတယ်"** ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကို ဘက်စုံထောင့်စုံကဏ္ဍစုံကောင်းမွန်ရေး အလေးထားဆောင်ရွက်မည်ဖြစ်ပေရာ အဂတိလိုက်စားမှုကင်းရှင်းအောင်ဆောင်ရွက်ရေးကိုလည်း အလေးထားဆောင်ရွက်မည်ဖြစ်သည်။ အဂတိလိုက်စားမှုမှာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေပြီး လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တနှင့်စိတ်ဓာတ်ကိုလည်းပျက်စီးစေသည်။ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက **"အဓိကကတော့ ကျွန်တော်တို့အစိုးရအဖွဲ့နဲ့ နိုင်ငံ့ဝန်ထမ်းများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ၊တိုင်းရင်းသားပြည်သူအားလုံးစိတ်ထားမှန်ကန်ကြဖို့နဲ့ စိတ်ကောင်းစေတနာတွေရှိကြဖို့ Mindset တွေကိုပြုပြင်ပြောင်းလဲနိုင်အောင်ကြိုးစားကြပါ"** ဟုတိုက်တွန်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ခိုင်မာအားကောင်းသောပြည်သူ့အစိုးရတစ်ရပ်ပေါ်ပေါက်လာခြင်းမှာ ပြည်သူလူထုအတွက်ဝမ်းသာဖွယ်ဖြစ်သည်။ အစိုးရကောင်းတစ်ရပ်၏ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ဂုဏ်သိက္ခာမြင့်မားစွာရပ်တည်နေနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ငဖဲမြို့နယ်၌ နွေနှမ်း ၁၄၄၇ ဧက စိုက်ပျိုးပြီးစီး

ငဖဲ ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံဆည်၊ ရင်းရှည်ရေလှောင်တမံဆည်နှင့် ဆည်ငယ်ကန်ငယ်တို့မှ ပို့လွှတ်သောရေတို့ဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် နွေနှမ်း ၁၁၉၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့ထိ ၁၄၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ နှမ်းခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်၌ စိုက်ပျိုးပြီးစီးသည့် နှမ်းမျိုးများအနေဖြင့် စမုန်နက် ၄၀၇ ဧက၊ ဆင်းရတနာ-၁ ဧက ၃၀၀၊ ဆင်းရတနာ-၃ ဧက ၅၀၀၊ ဆင်းရတနာ-၃ ဧက ၅၅၀ နှင့် သိပ္ပံနှမ်းနက် ဧက ၆၉၀ စုစုပေါင်း ၁၄၄၇ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားဧကထက် ၂၅၄ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ထို့ပြင် တောင်သူများအနေဖြင့် နွေနှမ်း အထွက်နှုန်းကောင်းမွန်ရန် စနစ်တကျ ရေသွင်းပေးကြပြီး နှမ်းပင်အခြေတွင် ရေမဝပ်ရန် စိမ့်ရေဖြင့် ရရှိအောင် ရေပေးမြောင်းစနစ်ဖြင့် ရေသွင်းပေးကြကြောင်းနှင့် ငဖဲမြို့နယ်၌ စပါးနှင့်နှမ်းကို အဓိကထားစိုက်ပျိုးကြပြီး ဒေသတွင်းစားသုံးဆီဖူလုံစေရေးနှမ်းသီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့်စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၂၆(တနလ်ာနေ့)

၁။	၀၆:၀၃	တရားတော်	၈။	၁၂:၃၀	မြန်မာသံစဉ်ချိုနားဝင်
၂။	၀၆:၅၀	ဓမ္မပူဇာတေး	၉။	၁၂:၄၀	လူတိုင်းကျန်းမာသိမှတ်စရာ
၃။	၀၈:၄၅	သီချင်းလက်ဆောင်	၁၀။	၁၃:၂၅	အမှတ်တရနေ့ရက်များ
၄။	၀၉:၄၅	တွေးမယ်ဖြေမယ်	၁၁။	၁၄:၅၀	မှတ်သားလိုက်နာပုံပမာ
၅။	၁၀:၁၅	တစ်ပတ်အတွင်း နိုင်ငံတကာသတင်း	၁၂။	၁၅:၃၀	ပန်းပေါင်းစုံစွာအနုပညာ
၆။	၁၁:၂၅	တစ်ချိန်ကသူတို့အကြောင်း	၁၄။	၁၇:၃၅	စိုက်ပျိုးသုတ
၇။	၁၁:၄၀	သာယာသီကြွေးခေတ်ဆန်းတေး	၁၄။	၁၈:၃၅	ကျန်းမာသုတ
			၁၅။	၂၀:၀၀	မြဝတီရုပ်မြင်သံကြားသတင်း

မြဝတီ ခနုစဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေငင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ဝသ-၇၃၉၉၈၊ ဖက်စ် ဝသ-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ဝသ-၇၄၀၀၆၊ ဝသ-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ဝသ-၇၄၀၂၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ဝသ-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၀၁၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ဧရာဝတီတိုင်းဒေသကြီးသို့ ယခုနှစ် သုံးလတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ခုနစ်သိန်းခန့်ဝင်ရောက်



ပုသိမ် ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီးသို့ ယခုနှစ် သုံးလတာကာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ခုနစ်သိန်းခန့်ဝင်ရောက်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ၂၀၂၆ ခုနှစ် ဧန်နဝါရီလမှ မတ်လ ၃၁ ရက်အထိ သုံးလတာကာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ခုနစ်သိန်းခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

" ဒီကာလအတွင်းမှာပဲ ပုသိမ်မြို့နယ်မှာရှိတဲ့ မြတ်မော်တင်စွန်းဘုရားပွဲတော် ကာလအတွင်းမှာ ဘုရားဖူးတွေလာရောက်ကြတာ ရင်ပြင်တော်အပြည့်၊ နားနေဆောင်တွေအပြည့်ပါပဲ။ နောက် ရွှေသောင်ယံ ကမ်းခြေ၊ ချောင်းသာနဲ့ ငွေဆောင်ကမ်းခြေတွေကိုလည်း လာရောက်ကြပါတယ်" ဟု ခရီးသွားကုမ္ပဏီ တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ် နှစ်ဆန်းပိုင်းတွင် ငွေဆောင်ကမ်းခြေသို့ ခရီးသွားဧည့်သည် ၂၂၀၀၀၀ ကျော်နှင့် ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေသို့ ခရီးသွားဧည့်သည် ၁၆၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးသို့ ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၉ သိန်းကျော်၊ ၂၀၂၅ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၅ သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လိုင်စင်ထုတ်ပေးထားသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၂၆ လုံး အခန်းပေါင်း ၅၄၇၅ ခန်း၊ စည်ပင်သာယာမှ လိုင်စင်ထုတ်ပေးထားသည့် တည်းခိုရိပ်သာ ၄၄၃ လုံး အခန်းပေါင်း ၆၈၁၃ ခန်းရှိပြီး ဧရာဝတီတိုင်းဒေသကြီး၌ ဟိုတယ်နှင့် တည်းခိုရိပ်သာစုစုပေါင်း ၅၀၆၉ လုံး အခန်းပေါင်း ၁၂၀၈၈ ခန်းရှိကြောင်း သိရသည်။**ခန့်ခန့်**

ကျောင်းကုန်းမြို့နယ်၌ ထောပတ်ပဲနီများ အရောင်းအဝယ် ကောင်းမွန်နေ

ကျောင်းကုန်း ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်လိုအားကောင်းလာသောကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုပြုံး၏ ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်ပဲမျိုးစုံရောင်းဝယ်ရေးစျေးကွက်၌ ယခုနှစ် မတ်လကုန်ပိုင်းမှစတင်၍ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်လိုအားကောင်းလာသောကြောင့် အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်ပြီး ငါးရက်လျှင် ထောပတ်ပဲနီ(အပြားကြီး) ၁၆ ပြည်ဝင်အိတ်ရေ ၁၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိပြည်တွင်းစျေးကွက်က အဝယ်လိုက်နေလို့ ဒေသစျေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲနီဝယ်လိုအားကောင်းလာပါတယ်။ ပြည်ပစျေးကွက်ကို တင်ပို့နေရလို့ အခုလို ဝယ်လိုအားကောင်းလာတာလို့ ရန်ကုန်စျေးကွက်က ကုန်သည်တွေဆီကနေ သိရပါတယ်။ အဝယ်လိုက်တဲ့အပြင် စျေးကောင်းပါရနေတော့ ထောပတ်ပဲနီစိုက်ပျိုးသူတွေနဲ့ သိုလှောင်ထားတဲ့ကုန်သည်တွေ အဆင်ပြေပါတယ်" ဟု ဒေါ်ချိုပြုံးကပြောသည်။

ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးစျေးကွက်၌ အဆိုပါထောပတ်ပဲနီ(အပြားကြီး)များ ဝယ်လိုအားကောင်းလာသောကြောင့် ပဲသိုလှောင်ထားသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်ထမ်းလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

မြစ်သားမြို့နယ်၌ ဆောင်းကြက်သွန်နီဧက ၇၅၀၀ ခန့်စိုက်ပျိုးထားပြီး ၅၀ ရာခိုင်နှုန်းကျော် နုတ်သိမ်းပြီးစီး



မြစ်သား ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီဧက ၇၅၀၀ ခန့်စိုက်ပျိုးထားပြီး ယခုအခါ စုစုပေါင်းစိုက်ဧက၏ ၅၀ ရာခိုင်နှုန်းကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်၌ ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် တခြားဒေသတို့သို့ တင်ပို့ရောင်းချနိုင်စေရန် ဆည်ရေသောက်စနစ်ဖြင့် မိုးစပါး၊ နွေစပါး၊ ကုလားပဲ၊ နှံစားပြောင်း၊ ဝါ၊ နှမ်း၊ နေကြာနှင့် ထောပတ်ပဲ စသည့်သီးနှံများကို အဓိကထားစိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီကိုလည်း စိုက်ပျိုးကြသည်။

"မြစ်သားမြို့နယ်မှာ ကြက်သွန်နီကို ကသဲကုန်း၊ လေးဆယ်ကုန်းနဲ့ ဆည်ရွာတို့မှာ အများဆုံးစိုက်ပျိုးပါတယ်။ အခု မြစ်သားမြို့နယ်မှာ ဆောင်းကြက်သွန်နီတွေ စတင်နုတ်သိမ်းနေပြီး လက်ရှိမှာ စိုက်ဧကအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းကျော် နုတ်သိမ်းပြီးဖြစ်ပါတယ်။ အများဆုံးစိုက်ပျိုးတဲ့ ကြက်သွန်နီမျိုးတွေကတော့ ရွှေဖလားမျိုး၊ ရွှေဖလားထိပ်မောက်မျိုး စတဲ့မျိုးတွေဖြစ်ပါတယ်"ဟု မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြစ်သားမြို့နယ်၌ ကြက်သွန်နီစိုက်ပျိုးရာတွင် ပျိုးထောင်ပြီး ၄၅ ရက်သားပျိုးပင်များကို စိုက်ပျိုးရန်အသင့်ပြုလုပ်ထားသော စိုက်ပေါင်များသို့ ရွှေ့ပြောင်းစိုက်ပျိုးသောနည်းစနစ်ကိုအသုံးပြုကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုနှင့် လုပ်အားခများ ကုန်ကျမှုရှိကာ တစ်ဧကလျှင် ကြက်သွန်နီပိသာ ၃၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

လက်ရှိမြစ်သားမြို့နယ်၌ ဆောင်းကြက်သွန်နီများကို အရွယ်အစားပေါ်မူတည်ပြီး စျေးနှုန်းအသီးသီးဖြင့် ရောင်းဝယ်လျက်ရှိရာ ကုန်သည်၊ ပွဲစားများက စိုက်ခင်းများအထိလာရောက်ဝယ်ယူကြသကဲ့သို့ မြို့ပေါ်ပွဲရုံများသို့လည်း တိုက်ရိုက်တင်ပို့ရောင်းချကြကြောင်း သိရသည်။

ဆောင်းဦး

ဧရာဝတီကုန်းမြို့နယ်၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဧရာဝတီကုန်း ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဧရာဝတီကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကဇင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီလ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဧရာဝတီကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကဇင်းကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးကျေးရွာတွင်းလမ်းကို အကျိုးရှိစွာအသုံးပြုနိုင်ရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားသည်။

ဧရာဝတီကုန်းမြို့နယ် ကဇင်းကြီးကျေးရွာ၌ အရှည် ၂၁၅၉ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၁၅ ဒသမ ၅ သန်းဖြင့် ဧရာဝတီကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချိုလေး**



အရိပ်

မစန္ဒာ



ယမန်နေ့မှအဆက်

'ဟော မိုးတွေရွာလာပြီ'

မိုးစက်မိုးပေါက်များသည် ကားအမိုးပေါ်သို့ ဖြိုးဖြိုးဖြောက်ဖြောက်ဖြင့် ခုန်ဆင်းလာကြလေသည်။ ညီလင်းသည် မိုးပေါက်များကိုငေးကြည့်ပြီး မျက်မှောင်ကုတ်နေလေသည်။ ထို့နောက်မှ သက်ပြင်းတစ်ချက်ချကာ ပြုံးလိုက်သည်။

'ကျွန်တော် ရုတ်တရက်မနာလိုဖြစ်သွားတာ'

ညီလင်းက မချိပြုံးဖြင့်ပြောရင်း စုလှိုင်၏လက်လေးကို သူ့ဘက်သို့ဆွဲယူပြီး ဖိညှစ်ထားလိုက်လေသည်။

'ဘာလို့ မနာလိုဖြစ်တာလဲ'

'အရုပ်ကလေးကို ကျွန်တော်တစ်ယောက်ထဲပိုင်ချင်လို့ပေါ့ဗျာ'

'ဘာလို့ ပိုင်ချင်တာလဲ'

'လှတာကိုး'

'ဩော်၊ လှလို့လား'

မိုးပေါက်များသည် ကျဲရာမှစိပ်လာသည်။ ညီလင်းသည် စုလှိုင်ကိုထွေးပွေ့ကာ အသာအယာရှိုက်နမ်းလိုက်လေသည်။ စုလှိုင်က ညီလင်းကို တွန်းပစ်လိုက်ပြီး မဲ့မဲ့လေးပြုံးကာမေးသည်။

'လှလို့နမ်းတာလား'

'အင်းပေါ့'

ညီလင်းက စုလှိုင်ကို ထပ်၍နမ်းသည်။

'စု တစ်ယောက်ယောက်ကို လက်ထပ်ဖို့ကောင်းပြီ'

'ဘယ်သူ့ကိုလက်ထပ်ရမှာလဲ'

'စုကြိုက်တဲ့သူ တစ်ယောက်ယောက်ကိုပေါ့'

'စုက ဘယ်သူ့ကိုမှမကြိုက်ဘူး'

'ခက်တာပဲ၊ ကျွန်တော့်ကိုရော မကြိုက်ဘူးလား'

'ညီလင်းက ဘယ်လိုထင်လို့လဲ'

'ကြိုက်များ ကြိုက်သလားလို့'

ညီလင်းကပြုံးရယ်ရင်း စုလှိုင်ကိုအကဲခတ်သလိုကြည့်နေလေသည်။ သံသယမျက်လုံးလေးများသည် တစ်ဦးနှင့်တစ်ဦးရင်ဆိုင်ပြီး အားပြိုင်နေကြသည်။ ညီလင်းကို အတန်ကြာအောင်စိုက်ကြည့်နေမိပြီးမှ စုလှိုင်က ခေါင်းကိုယမ်းလိုက်သည်။

'ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှချည်လားကွယ်'

'စုက သိပ်မာနကြီးတာကိုး'

'စုက မာနကြီးတာ ကြာလှပြီ'

'ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ဘဝင်မြင့်တာ မွေးကတည်းကပဲ'

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ရန်သူလိုကြည့်မိကြပြန်လေသည်။ စုလှိုင်၏မျက်လုံးလေးများသည် ခါးခါးသီးသီးဖြစ်လာပြီး ဟက်ဟက်ပက်ပက်ရယ်လိုက်လေသည်။

'ကဲ ကိုညီလင်းညို့ မှောင်လာပြီ၊ ကျွန်မ ပြန်ပါရစေတော့'

'ခဏနေပါဦး'

ညီလင်းသည် စုလှိုင်ကို တွေတွေဝေဝေကြည့်နေမိပြီးမှ ရုတ်တရက် သိမ်းကျုံးပြီးဖက်လိုက်သည်။ ထို့နောက် တိုးတိုးပြောသည်။

'ကျွန်တော်ကြားဖူးတာက အချစ်ဟာ အင်အားကြီးတယ်တဲ့၊ အခုတော့ ကျွန်တော်တို့ရဲ့ အမုန်းတွေက အင်အားကြီးလိုက်တာနော်၊ စုကို ကျွန်တော် မုန်းတယ်၊ စုကရော ကျွန်တော့်ကိုမုန်းနေတာပဲ မဟုတ်လား'

'ဟုတ်တယ်၊ မုန်းတယ်'

စုလှိုင်က မျက်စိမှိတ်ထားရင်းပြောသည်။ ညီလင်းက သူ့ကိုနမ်းလိမ့်ဦးမည်ဟုလည်းထင်နေသည်။ သို့သော် ညီလင်းက စုလှိုင်၏ဆံပင်လေးများကိုသာ အသာအယာရှိုက်နမ်းပြီး ကားပေါ်မှဆင်းသွားသည်။

'ညီလင်း ခွေး၊ ခွေးကလေး၊ အရမ်းမုန်းတယ်'

စုလှိုင်ကအော်လိုက်မိသည်။ မိုးရေထဲတွင်လျှောက်သွားနေသောညီလင်းက သူ့ကိုလှမ်းကြည့်ကာ သက်ပြင်းချသည်။ သူ့မျက်နှာပေါ်ကျနေသော မိုးရေများကို လက်ဖြင့်သပ်ကာ တွေပြီးရပ်နေလေသည်။ ထို့နောက်မှ သုံးဘီးကားလေးထဲသို့တက်ထိုင်ကာ စက်နှိုးလိုက်သည်။ ကားလေး၏နောက်ဘက် အိပ်ဇောပိုက်မှ မီးခိုးများတထောင်းထောင်းထွက်လာသည်။ ဖွတ်ချတ် ဖွတ်ချတ်ဖြင့် ဆူညံအောင်မြည်လာသည်။ ညီလင်းသည် ကားကိုကွေ့ထွက်ရင်း

'မမစု၊ ကျွန်တော့်ကို သုံးဘီးဖိုးလည်းမပေးပါလား'ဟု မချိပြုံးပြုံးပြီး အော်ပြောသွားလေသည်။

■ ■ ■ ■ ■

'အောင်မာ ခွေးမသား ညီလင်းညို့၊ မင်းက ငါ့ကို မှောင်ခိုဆိုပြီး နှိမ်တာပေါ့လေ ဟုတ်လား'

တင်ထွန်းမောင်က မခံနိုင်သလိုပြောသည်။ မျက်မှန်ထူထူကြီးအောက်မှ မျက်လုံးများသည် မကျေမနပ်နှင့်မို့ နဂိုထက်ပို၍ပြူးနေလေသည်။

'မဟုတ်ပါဘူးဗျာ၊ မှောင်ခိုကို ကျွန်တော်မနှိမ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော် မှောင်ခိုအလုပ်ကို အားမပေးချင်ဘူးလို့ပြောတာပါ'

'ခွေးသား၊ မင်းက ဘာကြီးကျယ်တာလဲ၊ မင်းက မှောင်ခိုအလုပ်ကို အားမပေးချင်ရင် ဘာလို့မှောင်ခိုပစ္စည်းဝတ်နေသလဲ၊ မင်းဝတ်ထားတဲ့အင်္ကျီစကမြန်မာဖြစ်မို့လားဟေ၊ မင်းအတွင်းကခံထားတဲ့ ဇာပေါက်စွပ်ကျယ်ကလည်း ယိုးဒယားကကွ၊ မင်းလက်ကနာရီရော ဘာလို့ပတ်ထားသေးလဲ၊ ဟင်၊ မပြောလိုက်ချင်ဘူး၊ မင်းတစ်ကိုယ်လုံး ပုဆိုးတစ်ထည်ပဲ မြန်မာဖြစ်ပါတယ်၊ ဘောင်းဘီဝတ်ထားလိုက်ရင် ကုန်ပြီ'

'ဒါတော့ဗျာ'

'အေးလေ၊ ဒါကို မင်းတို့က ကျေးဇူးမတင်ဘဲ အပြစ်တင်နေချင်သေးတယ်'

ညီလင်းက ရယ်ချင်ငိုချင်ဖြစ်လာပြီး သူ့ခေါင်းကိုသူစုံကုတ်လိုက်မိသည်။ တင်ထွန်းမောင်ကို စကားအရာတွင်ပြိုင်လျှင်တော့ နိုင်မည်မဟုတ်ချေ။ ယခင်ကတည်းက တစ်ခါမျှမနိုင်ခဲ့ဖူးချေ။

ပြဿနာအရင်းခံကတော့ သုံးဘီးကားပင်ဖြစ်သည်။ တင်ထွန်းမောင်က သူ၏သုံးဘီးကားကို လာငှားသည်။ မော်လမြိုင်ရထားကို ရန်ကုန်ဘူတာကြီး မဝင်မီ လမ်းမှကြိုစောင့်ရမည်။ အပေးအယူလုပ်ထားသဖြင့် သူတို့စောင့်ရာနေရာ၌ ရထားကနေးသွားမည်ဖြစ်လေသည်။ ထိုစဉ်တွင် မှောင်ခိုပစ္စည်းများကို ရထားပေါ်မှပစ်ချမည်။ သူတို့ကကောက်ယူပြီး ကားပေါ်တင်ကာ အမြန်မောင်းထွက်ကြရမည်ဖြစ်လေသည်။ သိပ်ပြီးခဲယဉ်းသောအလုပ်မဟုတ်သော်လည်း ညီလင်းကမလုပ်လိုပေ။ အေးအေးဆေးဆေးလေးသာ ခရီးသည်အကြိုအပို့လုပ်ချင်သည်။ ထို့ကြောင့် မလုပ်လိုကြောင်း တစ်ခွန်းသာပြောရသေးသည်ကို တင်ထွန်းမောင်က ဒေါပွသွားခြင်းဖြစ်လေသည်။

'ဟင်း ငါသာ သိကြားမင်းကြီးလိုတန်ခိုးရှိရင် ဆူးလေမီးပွိုင့်မှာရပ်ပြီး ရှိရှိသမျှမှောင်ခိုထည်တွေကိုယ်ပေါ်ကပျောက်စေလို့ အမိန့်ပေးလိုက်ချင်ပါရဲ့၊ ဟင်း မပြောချင်ဘူး၊ မပြောလိုက်ချင်ဘူး'

'ရောင်းလို့ဝတ်နေတာပေါ့ဗျာ၊ မရောင်းလို့ ဝယ်မရရင်လည်း ဘယ်သူကဝတ်မှာလဲ'

'ဝတ်လို့ရောင်းတာကွ၊ ဝတ်လို့ရောင်းတာ'

တင်ထွန်းမောင်က ဒေါကြီးမောကြီးဖြစ်နေလေသည်။ ညီလင်းသည် ဘာမှပြန်မပြောဘဲငြိမ်နေသည်။ ထိုအကြောင်းကို သက်သက်နှင့်အမာညိုတို့ ဆွေးနွေးနေကြသံကို တစ်ခါကသူကြားခဲ့ရဖူးသည်။ 'အချိတ်တွေက လှတော့လှပါတယ်၊ ဒါပေမဲ့ စွေးကကြီးတယ်၊ အနံကွင်းကလည်းတိုတယ်၊ ရေလျှော်လည်းမခံဘူး၊ နေ့တိုင်းနေ့တိုင်း ရုံးသွား၊ ကျောင်းသွားဝတ်နေရတာ၊ အပေခံ၊ အကြမ်းခံ၊ ရေလျှော်ခံတဲ့လုံချည်ကိုပဲ ဝတ်ချင်တာပေါ့၊ ငွေကုန်တာချင်းအတူတူ ကိုယ့်မြန်မာဖြစ်ကို ဝယ်ချင် အားပေးချင်လိုက်တာမှ စိတ်ထဲမှာယားကျိယားကျိနဲ့တောင်ဖြစ်လို့'ဟု အမာညိုက ကြိတ်မနိုင်ခဲမရပြောခဲ့လေသည်။ သို့သော် ထိုစကားများကို တင်ထွန်းမောင်ကိုတော့ ပြန်လည်ပြီးပြောမပြလိုတော့ပေ။

'မင်းကွာ တောက် အင်မတန်ကြီးကျယ်တယ်'

'မဟုတ်ရပါဘူး ကိုတင်ထွန်းမောင်ရာ၊ ကျွန်တော့်ကိုအထင်မလွဲပါနဲ့၊ ကျွန်တော်က အစ်ကို့အလုပ်ကို နှိမ့်ချနေတာမဟုတ်ပါဘူး၊ ဒါပေမဲ့ ဒါတွေရလာဖို့အတွက် ကျွန်တော်တို့တိုင်းပြည်က ကျောက်တွေ၊ နွားတွေထွက်နေရတယ်ဆိုတာသိနေလို့ စိတ်ထဲမှာမသန့်ရှင်းတာပါ၊ ထားပါတော့လေ ဒါက ကျွန်တော် တတ်နိုင်တဲ့ကိစ္စမှမဟုတ်တာ၊ ကဲ ဘယ်နေ့လဲ ဒီတစ်ခါတော့ ကျွန်တော်လိုက်ပါ့မယ်၊ ကဲ ကဲ ကျေနပ်ပြီလား'

'မကျေနပ်ဘူးကွ၊ တကတဲ၊ ရှိခိုးဦးတင်'

ကိုတင်ထွန်းမောင်က မကျေမနပ်ဖြစ်နေသေးသော်လည်း သူ့မျက်နှာမှဒေါသခိုးများ အတန်ငယ်လျော့ပါးသွားသည်။

ဆက်လက်ဖော်ပြပါမည်။

စဉ့်ကိုင်မြို့နယ် လူထုအခြေပြုဗဟိုဌာနခွဲ ရှေးဦးပြုစုနည်းသင်တန်းဖွင့်လှစ်

စဉ့်ကိုင် ၎ပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗဟုလါးတန်ဖွံ့ဖြိုးတိုးတက်စေရေး ရှေးဦးပြုစုနည်းသင်တန်းကို ၎ပြီလ ၁၈ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာနခွဲ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒေါ်သီတာက ကြက်ခြေနီအသင်း စတင်ပေါ်ပေါက်လာပုံနှင့် ကြက်ခြေနီအသင်းဖွဲ့စည်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သုံးရက်ကြာစာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ

မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းကဏ္ဍများအတွက် မွေးမြူရေးအခြေပြု စက်မှုကျွမ်းကျင်ရေးအခြေခံသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ၎ပြီ ၁၉

မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းကဏ္ဍများအတွက် မွေးမြူရေးအခြေပြု စက်မှုကျွမ်းကျင်ရေးအခြေခံသင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

"မွေးမြူရေးနဲ့ ဆက်စပ်လုပ်ငန်းကဏ္ဍတွေမှာ ခေတ်မီနည်းပညာတွေကို ထိရောက်ကျယ်ပြန့်စွာ အသုံးပြုနိုင်ဖို့အတွက် လိုအပ်နေတဲ့ မွေးမြူရေးလုပ်ငန်းအခြေပြု စက်မှုကျွမ်းကျင်လူစွမ်းအားအရင်းအမြစ်တွေမွေးထုတ်နိုင်ဖို့ သင်တန်းဖွင့်လှစ်ပို့ချပေးမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် School of Industrial Training and Education (SITE) နှင့် ပူးပေါင်းကာ မေလ ၁၁ ရက်မှ ၂၃ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ် (၁၂၃) နတ်မောက်လမ်း SITE သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ယင်းသင်တန်းကို ခေတ်မီအအေးပေးအလုံပိတ်စနစ် မွေးမြူရေးခြံများ၊ အစာစပ်စက်ရုံများနှင့် စက်ပစ္စည်းအသုံးပြုထုတ်လုပ်ရသည့် Processing လုပ်ငန်းများမှ အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့်ရှိသူများ တက်ရောက်နိုင်ဖြစ်ကြောင်းနှင့် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများ၊ သင်တန်းသားစေလွှတ်လိုသည့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ၎ပြီလ ၃၀ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဖြူဖြူ

နိုင်ငံကို တည်ငြိမ်အေးချမ်းမှုနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်တစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ၎ပြီ ၁၉

ပြည်ထူလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းသည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ဦးစွာ “နိုင်ငံရေးအခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ်” Video Clip ဖွင့်လှစ်ပြသမှုအား အတူတကွကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံကို တည်ငြိမ်အေးချမ်းမှုနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်အဖြစ်ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်ဖြစ်ကြောင်း၊ မြန်မာ့နိုင်ငံရေးအခင်းအကျင်းအသစ်နှင့်အတူ နိုင်ငံတော်အစိုးရယွက်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသား၊တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီ၊ ဝိုင်းဝန်းလိုက်ပါမှုဖြင့် ကြိုးပမ်းတည်ဆောက်ကြရန် နှိုးဆော်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများ



အပေါ် တာဝန်ရှိသူများကပြန်လည်ရှင်းလင်းပြောကြားကြပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးမြေငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြို့နယ် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးအသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီအချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးမှာ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်ကလှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့ရာမှ ယခုအခါ လျှဒါန်းရရှိငွေဖြင့် နှစ်ထပ် သံကူကွန်ကရစ်အဆောက်အအုံ၊ ခေတ်လေ့ကားတစ်စင်း အပါအဝင်ဖြင့် တည်ဆောက်ရေးကာလ နှစ်နှစ်ဆယ်မှတ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်က ပန္နက်တင်ပြီး စတင်ဆောက်လုပ်နေခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်းမွန်ရေး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ဝန်ကြီး ဦးထိန်လင်းနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်းမွန်ရေး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ငါးနှစ်တာကာလအတွင်း အခက်အခဲများအကြားမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား ဝန်ထမ်းများ သိရှိနားလည်သဘောပေါက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်အတွင်းမှ ဆောင်ရွက်ချက်များကို မီဒီယာကဏ္ဍမှတစ်ဆင့် ပြည်သူများသိရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးအခင်းအကျင်းအသစ်နှင့်အတူ စိတ်သစ် လူသစ် ခွန်အားသစ်များဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးဦးထိန်လင်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အရောင်အသွေးစုံလင်သည့် ပန်းဥယျာဉ်ကြီးတစ်ခုကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းတာဝန်ထမ်းဆောင်နေသည့် ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်အပေါ် သစ္စာစောင့်သိကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ နာ၊ မျက်စိသဖွယ် အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြည်သူများသိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် မီဒီယာကဏ္ဍမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်း၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မြဝတီ

မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူများ လျှပ်စစ်မီးအခက်အခဲဖြစ်ပေါ်မှု လျော့နည်းစေရေး လျှပ်စစ်ဓာတ်အားသွင်းခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှု ကချင်ပြည်နယ်ဝန်ကြီးချုပ် လိုက်လံကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ၎ပြီ ၁၉

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း အဓိက လျှပ်စစ်မီးဖြန့်ဝေပေးနေသည့် ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ရက်သတ္တနှစ်ပတ်တာကာလအတွင်း ပြည်သူများ လျှပ်စစ်မီးနှင့် ရေအခက်အခဲဖြစ်ပေါ်မှုလျော့နည်းစေရေးအတွက် လုပ်ငန်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီက မြစ်ကြီးနားမြို့ပေါ်၌ လျှပ်စစ်ဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ လျှပ်စစ်ဓာတ်အားသွင်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ပြန်လည်အားသွင်းအသုံးပြုနိုင်သော လျှပ်စစ်ဆိုင်ရာပစ္စည်းများ အားသွင်းနိုင်ရေးစီစဉ်ဆောင်ရွက်ပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ရှိ ရန်ကြီးအောင်ရပ်ကွက် မီးစက်ဝင်းအတွင်း လျှပ်စစ်ဌာနမှ ပြည်သူများ၏ EV ဆိုင်ကယ်၊ ဖုန်း၊ Power Bank များ၊ အားသွင်း မီးသီး/ မီးလုံးများ အားဖြည့်သွင်းနိုင်ရေး ပလပ်ခုံများပြုလုပ်ထားရှိမှု၊ မြို့သစ်ရပ်ကွက်ရှိ ဘူးဂါးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းပိုင် အရေးပေါ် မီးပျက်တိုင်ကြားရန်ဌာနနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း၌ အားသွင်းပလပ်ခုံများဖြင့် ဓာတ်အားသွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ ဝန်ဆောင်မှုရယူ၍ လျှပ်စစ်ဓာတ်အားဖြည့်သွင်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများဖြစ်သည့် မြေမြင့်ရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ အောင်နန်းရပ်ကွက်တို့ကို သွားရောက်၍ အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအတွင်း မီးစက်များအသုံးပြု၍ လျှပ်စစ်အားသွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့များကို ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအတွက် ၈ ပေ x ၄ ပေ ဆိုလာ



ပြားနှင့် 1800 W ရှိ Power Station တစ်စုံစီဖြင့် စုစုပေါင်း ၁၈ စုံထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်မီးပေးခြင်းလုပ်ငန်းကို ပြည်သူများသုံးစွဲမှုအလိုက်တိုးချဲ့ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေး ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိ သွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

ထန်းတပင်မြို့နယ်၌ (၃၈)ဖြာမင်္ဂလာနှင့် အခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား၊ ကျောင်းသူများအချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က ကြီးမှူး၍ (၃၈)ဖြာမင်္ဂလာနှင့် အခြေခံယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီလ ၁၈ ရက်က ဆားကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဓမ္မဇရာဝတီကျောင်းတိုက်၏ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်နှင့် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဒုတိယဥက္ကဋ္ဌ ဦးဇော်သိန်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး အတွင်းရေးမှူး ဦးရန်လင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်နှင့် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား YMBA(ဗဟို)မှထုတ်ဝေသည့် (၃၈)ဖြာမင်္ဂလာစာအုပ်များနှင့်သင်ထောက်ကူပစ္စည်းများကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လျှဒါန်းသည်။

နွေရာသီယဉ်ကျေးလိမ္မာသင်တန်းများဖြစ်သည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ KG အဆင့် သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး၊ (၃၈) ဖြာမင်္ဂလာနှင့်ဗုဒ္ဓဝင်၊ ပြည်သူ့နီတိအခြေခံပထမအဆင့်သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၅၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



ဒိုက်ဦးမြို့နယ် ကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဒိုက်ဦး ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကလိကျေးရွာအုပ်စု ကလိကျေးရွာ၌ ဧပြီလ ၁၉ ရက်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်တခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကလိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးအတွက် ငွေကျပ် ၄၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးအတွက် ငွေကျပ် ၂ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၄ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၆ သန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဧပြီ ၁၉


ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းခြံကေလာကျေးရွာအုပ်စု အုန်းပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်နေမှုကို ဧပြီလ ၁၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက အုန်းပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေ ငွေကျပ် ၁၅ သန်းဖြင့် ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ နှစ်ဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ဖြင့် အုန်းပင်ကျေးရွာ၌ ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ နှစ်ဖွဲ့ရှိ အဖွဲ့ဝင် ၂၀ ဦးအတွက် ရန်ပုံငွေ ငွေကျပ် ၁၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)



ကြံခင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လအတွင်း သီဟိုဠ်စေ့ပိသာအများအပြားတင်ပို့ရောင်းချနိုင်ခဲ့



ကြံခင်း ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း သီဟိုဠ်စေ့ပိသာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြို့နယ်လယ်ယာထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကြည်ဖြူ၏ ပြောဆိုချက်အရ သိရသည်။

ကြံခင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မတ်လ ၁ ရက်မှ ၃၁ ရက်အထိ သီဟိုဠ်စေ့ပိသာ ၅၅၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချအား တက်လာပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေက နွေကာလက လက်ကျန်သီဟိုဠ်စေ့တွေ ဖြစ်ပါတယ်။ ဒေသထွက်သီဟိုဠ်စေ့တွေကို ကြံခင်းမြို့နယ်ကနေတစ်ဆင့် ရန်ကုန်မြို့ကို ကုန်ချောအဖြစ်ပြုလုပ်ပြီး တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကလည်း အဝယ်လိုက်နေပါတယ်'' ဟု ဒေါ်ကြည်ဖြူကပြောသည်။

ကြံခင်းမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့များကို ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပူဇော်

မြို့သစ် ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြို့ပေါ်ရပ်ကွက်များ၊လမ်းများနှင့် မြို့အဝင်နေရာများ၌ ဧပြီလ ၁၈ ရက် မွန်းလွဲပိုင်းတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များက မော်တော်ယာဉ်များဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လေသာကျောင်း၏ ဗိမာန်တော်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မြို့ပေါ် ရပ်ကွက်များ၊ လမ်းများနှင့် မြို့အဝင်နေရာများအား မော်တော်ယာဉ်များဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ပရိတ်ရေ၊ ပရိတ်သဲများ ပက်ဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထိုသို့ အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ချီးမြှင့်ပေးသည့် ဆရာတော်၊ သံဃာတော်များအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများက အချို့ရည်၊ အအေးနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သန်းဝင်းထွန်း(ပြန်/ဆက်)

မီးဘေးသင့်ပြည်သူများအား ပံ့ပိုးငွေများနှင့်ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

ပေါင် ဧပြီ ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ် အလှပ်ကျေးရွာ ကန်သာယာရပ်၌ ဧပြီလ ၁၇ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့သော အိမ်ထောင်စုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ ပံ့ပိုးငွေများ၊ ဆန်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဧပြီလ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကလာရောက်ပေးအပ်သည်။



ထိုသို့ပေးအပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အလှပ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ မီးဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၂၂၀၀၀၀၀၊ အိမ်ထောင်စု ၁၁ စုရှိလူဦးရေ ၅၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၇၅၀၀၀ နှင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၇၄၇၈၉၈ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံး ၁၁ ပုံးတို့ကို မီးဘေးသင့်ပြည်သူများ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာ၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကျင်းပ

မိတ္ထီလာ ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာ၌ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီလ ၁၈ ရက် ညပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစောလွင်က အမှာစကားပြောကြားပြီး အကျိုးဆောင်ဦးကြည်ဝင်းက သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၈၂ ဦးအား ကျေးရွာမှ အလှူရှင်များ၏ စုပေါင်းပူဇော်ကန်တော့ငွေများ၊ တစ်ဦးတည်းအလှူရှင်များ၏ လှူဒါန်းငွေများ၊ ကန်တော့ပစ္စည်းများကို တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဒါန်းပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

(၆၀၂)



နွေစပါးစိုက်တောင်သူများထံသို့ စက်သုံးဆီများဖြန့်ဖြူးရောင်းချပေး

ပြည် ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း နွေစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် ဧပြီလ ၁၉ ရက် နံနက်ပိုင်းတွင် မြို့နယ်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက နွေစပါးစိုက်တောင်သူများထံသို့ စက်သုံးဆီများကို ကျေးရွာများအရောက် ကွင်းဆင်းဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

ထိုသို့ နွေစပါးစိုက်တောင်သူများထံသို့ စက်သုံးဆီများ ကွင်းဆင်းဖြန့်ဖြူးရောင်းချပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်ဇင်ဦးနှင့် မြို့နယ်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ကြီးကြပ်မှုတို့ဖြင့် မြို့နယ်အတွင်းရှိ နွေစပါးလျာထားဧက ၂၀၅၆၁ ဧကအနက် စိုက်ပျိုးရန်ကျန်ရှိနေသော နွေစပါးဧက ၁၁၀ အား အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကလျှင် တစ်ဂါလန်နှုန်းဖြင့် စုစုပေါင်း စက်သုံးဆီ ဂါလန် ၁၁၀ အား တောင်သူများလက်ဝယ်အရောက်ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ညောင်လေးပင် ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဇီးဖြူခင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၁၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါကော်မတီရွေးချယ်ရာတွင် လိုက်နာရန်စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သောစီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာမှ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ဆက်လက်၍ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးသည်။

ဇီးဖြူခင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

ဟုမ္မလင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောစားတော်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ဟုမ္မလင်း ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲသီးနှံဧက ၁၅၀၀ အထိစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားသောစားတော်ပဲစိုက်ခင်းများကို ဧန်နဝါရီလမှစတင်၍ ယနေ့အထိ ရိတ်သိမ်းခဲ့ကြရာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဟုမ္မလင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ပဲမျိုးစုံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ စားရေရိက္ခာဖူလုံစေဖို့အတွက် စားတော်ပဲသီးနှံဧက ၁၅၀၀ အထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိပြီး စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေတယ်” ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ထို့ပြင် စားတော်ပဲသီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်းနှင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၉)

လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

မေး။ ။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ကပါ။ အသက် ၄၃ နှစ်ရှိပါပြီ။ ကိုယ်အလေးချိန် ပေါင် ၁၅၀ ပါ။ ဆီးဝမ်းမှန်ပါတယ်။ နည်းနည်းအအေးပိုရင် ခြေဖျားလက်ဖျားအေးပါတယ်။ အခု ပစ္စည်းတစ်ခုကို ကြာကြာကိုင်လိုက်ပြီး လွှတ်လိုက်ရင် အကြောနည်းနည်းကပ်ပါတယ်။ အကြောဆေးလည်း ထိုးထားပါတယ်။ အာရုံကြောအားဆေးလည်း သောက်နေပါတယ်။ လေငန်းဆေးလည်း ကြိုတင်ပြီးလိမ်းနေပါတယ်ဆရာ။ ပုံမှန်အိပ်ပျော်ပါတယ်။ တစ်ခါတလေမျက်စိကြောင်ပြီး အိပ်မပျော်ဖြစ်တတ်ပါတယ်ခင်ဗျာ။ လေမဖြန်း၊ လေမဖြတ်အောင် ကြိုတင်ကာကွယ်ဖို့ သောက်ဆေး၊ လိမ်းဆေးများရှိရင် ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ လေမဖြတ်အောင် သွေးတိုးဂရုစိုက်ပါ။ အငန်လျှော့စားပါ။ အဝမလွန်အောင် ထိန်းပါ။ လမ်းများများလျှောက်ပါ။ အဆီလျှော့စားပါ။ အထူးသဖြင့် ညစာလျှော့စားပါ။ ဝမ်းမှန်အောင် ဂရုစိုက်ပါ။ လေဖြတ်တာကာကွယ်ဖို့ဆိုပြီး မလိုအပ်ဘဲ အာရုံကြောဆေးတွေ ကြိုမသောက်ပါနဲ့။ အကြောဆေးမထိုးပါနဲ့။ အကျိုးမရှိပါဘူး။ အဓိကက အသက်ရလာရင် လေဖြတ်စေနိုင်တဲ့ သွေးတိုးနဲ့ဆီးချိုကို ကာကွယ်ဖို့အတွက် ပုံမှန်စစ်ဆေးဖို့ပဲလိုအပ်တာပါ။ ဆေးစားတိုင်း အကျိုးမရှိပါဘူး။ တစ်ခါတစ်ရံ ဆေးကြောင့် လေဖြတ်တတ်ပါတယ်။ အစာကြေဆေး၊ ဝမ်းမှန်ဆေးလောက်တော့စားနိုင်ပါတယ်။ ညအိပ်မပျော်ရင် ဧကရာဇ်ရွက်၊ ဧကရာဇ်ပွင့်ကိုသုပ်စားရင် အိပ်ပျော်စေပါတယ်။ ခွေးတောက်ရွက်ကို ရေနွေးဖြောပြီး ကြော်စားပါ။ လေသက်ပြီး အိပ်ပျော်စေပါတယ်။ ရှောက်သီးသုပ်စားရင်လည်း အိပ်ပျော်စေပါတယ်။ ကြက်သွန်နီကို ထက်ခြမ်းခွဲပြီး ခြေဖဝါးပွတ်ပေးပါ ဒါမှမဟုတ် ကြက်သွန်နီကို ပါးပါးလှီးပြီး ခြေဖဝါးအလယ်မှာကပ်၊ ပတ်တီးစည်းအိပ်ရင် အိပ်ပျော်တယ်လို့ ရှေးလူကြီးတွေပြောပါတယ်။**

မေး။ ။ မင်္ဂလာပါ ဆရာရှင့်။ ကျွန်မအသက် ၃၆ နှစ်ပါ။ ရှမ်းပြည်နယ်မှာနေပါတယ်။ ကျွန်မအရပ် ၅ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၁၅၅ ပေါင်ပါ။ ဝပါတယ်။ ဆီးဝမ်းမှန်ပါတယ်။ အိပ်ပျော်ပါတယ်။ ခမ္မတာက နှစ်လနေမှ တစ်ခါလာပါတယ်။ အရင်က တော့ လေးဖက်နာဖြစ်ဖူးပါတယ်။ ထူးဆန်းတာက အိမ်ထောင်ကျပြီး အခုချိန်ထိ လေးဖက်နာလုံးဝမရှိတော့ပါဘူး။ သွေးပေါင်ချိန်လည်း ပုံမှန်ပါ။ မေးချင်တဲ့ မေးခွန်းက ခမ္မတာမမှန်တာ ဘာကြောင့်ပါလဲဆရာ။ ဆယ်ကျော်သက်အရွယ်ကတည်းက မမှန်တာပါ။ နောက်ပြီး အခုတစ်လော အကြာကြီးထိုင်နေရာကနေ ထတာပဲဖြစ်ဖြစ်၊ မနက်မိုးလင်းလို့ အိပ်ရာထမတ်တတ်ရပ်တာပဲဖြစ်ဖြစ် ခြေဖနောင့်တွေ မခံနိုင်အောင် အရမ်းနာပါတယ်။ လမ်းလျှောက်ရင်ရော မတ်တတ်ရပ်ရင်ပါ ခြေဖနောင့်နှစ်ဖက်စလုံး အရမ်းနာပါတယ်။ အဆစ်အမျက်တော့ မကိုက်ပါဘူး။ ဘာတွေရှောင်ပြီး ဘာတွေစားသုံးရမလဲဆိုတာ လမ်းညွှန်ပေးပါဆရာ။

ဖြေ။ ။ ခမ္မတာမှန်ဖို့အတွက် ခါးလေ့ကျင့်ခန်းလုပ်ပေးဖို့၊ လမ်းများများလျှောက်ပေးဖို့လိုပါတယ်။ လေချုပ်ပြီး အောက်ကိုလေတွန်းအားနည်းရင်လည်း ခမ္မတာမမှန်ဖြစ်တတ်ပါတယ်။ လေဆေး၊ လေပူကျဆေး၊ အကြောလေလျှောက်ဆေးတွေစားပေးပါ။ ရှောက်ရည်နဲ့ ပျားရည်ရောပြီးသောက်ပေးပါ။ ဝမ်းချုပ်ရင် ညအိပ်ရာဝင်ခါနီး မန်ကျည်းဖျော်ရည်သောက်ပေးပါ။ အားဆေးအဖြစ် ရှားစောင်းလက်ပပ်အနှစ်ကို ထန်းလျက်နဲ့ရောကျိုပြီး ချက်ဆေးအဖြစ် စားပေးပါ။ ဖနောင့်နာရင် ဆားနင်းပြီး ဒူးအထက်ကနေ အောက်ကို ရေလောင်းပါ။ သက်ရင်းကြီးရွက်ကို ဆားနဲ့ထောင်းပြီး ညအိပ်ရာဝင် ဖနောင့်မှာ စည်းအိပ်ပါ။ နံနက်အိပ်ရာထရင် ဖြေပါ။ ၁၄ ရက်လောက်စည်းပေးရင် ပျောက်ကင်းနိုင်ပါတယ်။**

မေး။ ။ မင်္ဂလာပါဆရာ။ ကျွန်မအသက် ၅၁ နှစ်ပါ။ မွန်ပြည်နယ်ကပါ။ အရင်က ကိုယ်အလေးချိန် ၁၁၂ ပေါင်ပါ။ အခု ၁၀၆ ပေါင်ပါ။ ဆီးမှန်ပါတယ်။ ဝမ်းမမှန်ပါဘူး။ သွေးဆုံးတာ တစ်နှစ်တော့ရှိပါပြီ။ အပျိုကြီးပါ။ ဝမ်းမှန်အောင် ညဘက်မှာ မန်ကျည်းဖျော်ရည်သောက်ပါတယ်။ ဝမ်းချုပ်တာမဟုတ်ပေမယ့် နည်းနည်းပဲသွားပါတယ်။ လေလည်း မလည်ပါဘူး။ အပေါ်ကိုလေတက်ပါတယ်။ ဝမ်းလည်းကျန်ပါတယ်။ ဝမ်းသွားပြီး စအိုထဲလက်ထည့်ကြည့်တော့ အပေါ်နားမှာ အဖုစမ်းမိပါတယ်။ ဝမ်းမသွားဘဲ စမ်းရင်တော့ စအိုဝနားရှိနေပါတယ်။ အပူအစပ်၊ အကြော်အလှော်ရှောင်တာကြာပါပြီ။ အခုလိုဖြစ်တာလည်း လေးလကျော်ပါပြီ။ ဘယ်လိုကုသရမလဲ သိချင်ပါတယ်။ ဆေးနည်းရှိရင် ပြောပြပေးပါဆရာ။

ဖြေ။ ။ အတွင်းလိပ်ခေါင်းဖြစ်နေတာပါ။ လိပ်ခေါင်းဖြစ်ရင် ကျားမနိုင်မြစ်သွေးပြီး အုန်းဆီနဲ့ရောပြီး စအိုတွင်းအထိ ဝင်နိုင်သမျှ လိမ်းပေးပါ။ မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါးနှစ်ဇွန်းထည့်ပြီး ညအိပ်ရာဝင်သောက်ပါ။ ရောင်ရင်၊ သွေးကျရင် ပရဆေးဆိုင်မှာ ပန်းလဲပွင့်ခြောက် ဝယ်ပြီးပြုတ်သောက်ပါ။ အပူအစပ်၊ အရက်ရှောင်ပါ။ ဝမ်းမှန်အောင် ဂရုစိုက်ပါ။ ညအိပ်ရာဝင် ပျားသံပရာဖျော်ရည် တစ်ဖန်ခွက်မှာ ဆားခါးလှော်နှစ်ဇွန်းထည့်သောက်ပါ။ လိပ်ခေါင်းအပြင်ထွက်ရင် ရှားစောင်းလက်ပပ်အနှစ်ကပ်ပေးရင် ကျုံပြီး ပြန်ဝင်နိုင်ပါတယ်။ အပူအစပ်၊ ဆန်စေး၊ ကောက်ညှင်း၊ အကြော်အလှော်တွေရှောင်ပါ။

မေး။ ။ ကျွန်မရေချိုးပြီးတိုင်း ဘယ်ရာသီပဲ ရေချိုးချိုး ချိုးပြီးရင် ချက်ချင်းချွေးထွက်တတ်လို့ပါ။ နေရတာ ပူစပ်ပူလောင်နဲ့ ခံရခက်လို့ပါ။ ဖြစ်နေတာ နှစ်နှစ်ဝန်းကျင်လောက်ရှိပါပြီ။ ခေါင်းလည်း ပူပါတယ်။ ဘယ်လိုဆေးမျိုးသုံးစွဲရမယ်ဆိုတာ ညွှန်ပြပေးစေလိုပါတယ်။

ဖြေ။ ။ ရေမချိုးခင် နာရီဝက်လောက် ကြိုတင်ပြီး ဆန်ဆေးရည်သောက်ပေးပါ။ ဆန်ဆေးရည်အကြည် တစ်ဖန်ခွက်မှာ သကြား တစ်ဇွန်းထည့်ဖျော်သောက်ပါ။ အုန်းစိမ်းရည် တစ်ပတ်တစ်ခါသောက်ပေးပါ။ ရှားစောင်းလက်ပပ်အနှစ်ကို ခေါင်းမှာလိမ်းပြီး လျှော်ပေးရင်လည်း ခေါင်းပူတာသက်သာပါတယ်။ လေပူကျဆေး၊ အပူငြိမ်းသွေးဆေးတွေလည်း သောက်နိုင်ပါတယ်။

မေး။ ။ ဆရာရှင့် ကျွန်မလေးဖက်နာရောဂါဖြစ်နေတာကြာပါပြီ။ အဆစ်တွေကိုက်ပါတယ်။ ရောင်လည်းရောင်ပါတယ်။ လေးဖက်နာရောဂါဆိုတာ တစ်သက်လုံးမပျောက်ဘူး။ ဆေးစွဲစားရမယ်ဆိုတာမှန်ပါသလားဆရာ။ ဘယ်လိုဆေးမျိုးစားရမလဲ။ ရောင်းတဲ့ဆေးတွေတော့ ကြော်ငြာတာတွေ့ပါတယ်။ မစားရဲလို့ပါ။ ဓာတ်စာနဲ့ရော ကုလို့ရပါသလား။ ဘယ်လိုဓာတ်စာတွေ စားသင့်ပါသလဲ ပြောပြပေးပါဆရာ။

ဖြေ။ ။ လေးဖက်နာအတွက် တိုင်းရင်းဆေးဆရာကြီးများသုံးတဲ့ တိုင်းရင်းဆေးများစွာရှိပါတယ်။ ကိုယ်နဲ့သင့်ရာသုံးစွဲပါ။ လေးဖက်နာအတွက် တောင်မုရိုး ခေါ် မုရိုးကြီးပင်အခေါက်မှုန့်ကို ပရဆေးဆိုင်မှာ ကြိတ်ခိုင်းပါ။ ပျားရည်နဲ့ရောပြီး တစ်နေ့ကို ဟင်းစားဇွန်းတစ်ဇွန်း နံနက်၊ ညစားပါ။ စွဲစားရင် အမြစ်ပြတ်ပါတယ်။ တိုင်းရင်းဆေးအမှတ် (၂၇) ဆေးပုလဲကလပ်ဆေးကြီးနဲ့ အကိုက်အခဲသက်သာစေဖို့အတွက် ဆေးအမှတ်(၂၅) မတဲမြင်းမိုရ်ကုန်းဆေးတို့ကို ဆတူရောစပ်ထားပြီး ကော်ဖီဇွန်း တစ်ဇွန်းကနေ နှစ်ဇွန်းအထိ ရေနွေးနဲ့ တစ်နေ့ နှစ်ကြိမ်သောက်ပါ။ ညအိပ်ရာဝင်မှာ တိုင်းရင်းဆေးအမှတ် (၁၆) အပူငြိမ်းသွေးဆေးကို သောက်ပြီးအိပ်ပါ။

လေးဖက်နာလိမ်းဆေး

တောရှောက်မြစ်၊ ဝံအူမြစ်သွေးပြီး ဒီအတိုင်းဖြစ်စေ၊ အရက်ဦးရည်နဲ့ဖြစ်စေ ဖျော်စပ်လိမ်းပါ။ ပူပြီးကိုက်ရင် ကျားမနိုင်နွယ်မြစ်ကို သွေးပြီးလိမ်းနိုင်ပါတယ်။ ကရမက်ကိုလည်း လိမ်းနိုင်ပါတယ်။ ရာသီဥတုအေးပြီး ကိုက်ခဲရင် မုန့်ညှင်းဆီလိမ်းပြီး ကြပ်ထုပ်ထိုးပါ။ မိသလင်အမှုန့်ကို အဝတ်နဲ့ထုပ်၊ ကြပ်ထုပ်လုပ်ပြီး ရေနွေးငွေ့ခံထိုးပါ။ ကြပ်ထုပ်ထိုးခြင်းက အဆစ်အတွင်းက ရောင်တာကိုသက်သာစေနိုင်ပါတယ်။ နှိပ်တာထက် ပိုပြီးထိရောက်ပါတယ်။ သင့်ရုံရေနွေးငွေ့ခံထိုးပါ။ တစ်ကြိမ်ကို နာရီဝက်လောက်ကြာအောင်ထိုးပါ။ တစ်နေ့ နှစ်ကြိမ်ထိုးနိုင်ပါတယ်။ မုန့်ညှင်းဆီမရရင် နှမ်းဆီအသုံးပြုနိုင်ပါတယ်။

အစားအသောက်

မျှစ်၊ မျှစ်ချဉ်၊ ပဲပုပ်၊ ကြက်ဟင်းခါးသီး စတဲ့ တက်စာတွေ မတည့်ပါဘူး။ ပဲပင်ပေါက်၊ စတော်ဘယ်ရီနဲ့ ဝမ်းတွင်းသားတွေလည်းမတည့်ပါဘူး။ ရေခဲရေရှောင်ပြီး ရေနွေး၊ ရေကျက်အေးပဲသောက်ပါ။ ပဲရာဇာဟင်းချိုချက်သောက်ပါ။ ကျောက်ဖရုံသီးဟင်းခါးချက်သောက်ပါ။ မုန်လာဥနီ၊ ပန်းဂေါ်ဖီစိမ်းတွေစားပေးပါ။ ငါးကြင်းစားပါ။ ငါးမြင်း၊ ငါးတန်နဲ့အရိုးပါဝါးစားရတဲ့ ငါးသေးသေးလေးတွေရှောင်ပါ။ မုန့်ဟင်းခါးတည့်ပါတယ်။ အုန်းနို့ ခေါက်ဆွဲမတည့်ပါ။ သံပရာရည်၊ လိမ္မော်ရည်၊ ပန်းသီး ဖျော်ရည်၊ ပင်မည့်သီး၊ ထောပတ်သီးဖျော်ရည်တွေ သောက်သင့်ပါတယ်။

ကြည်လွင်မြင့်(မုန်ညှာ)

မင်းလှမြို့နယ်၌ ရာသီဥတုမျှတစေရေးနှင့် သာယာစိမ်းလန်းလှပစေရေး သစ်ပင်များစိုက်ပျိုး



မင်းလှ ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ ဒေသတွင်း ရာသီဥတုမျှတစေရေးနှင့် သာယာစိမ်းလန်းလှပစေရေး အတွက် သစ်ပင်များစိုက်ပျိုးခြင်းကို ဧပြီလ ၁၈ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းနှင့် ရုံးပြင်၌ ဆောင်ရွက်သည်။

မင်းလှမြို့နယ်၌ သစ်ပင်များစိမ်းလန်းစိုပြည်စေရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန်နှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ဌာနဆိုင်ရာရုံးများ၏ရှေ့နှင့် လမ်းဘေးဝဲ/ယာတို့၌ သပြေဘူတပင်များကို စိုက်ပျိုးပြီး ဌာနဆိုင်ရာရုံးများအလိုက် အရိပ်ရပင်များအောက်တွင် မြေပြန့် ကော်ဖီပင်များ စိုက်ပျိုးထားသည်။

အဆိုပါသစ်ပင်စိုက်ပျိုးခြင်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း အတွင်းနှင့် ရုံးပြင်၌ ရှိဘက်စတာကော်ဖီပင် ၁၀၀ နှင့် ဌာနဆိုင်ရာရုံးများရှေ့နှင့် လမ်းဘေးဝဲ/ယာ၌ သပြေဘူတပင် ၃၀၀ စုစုပေါင်း ပျိုးပင် ၄၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ချမ်းမြေ

ဝေါမြို့နယ် လက်ပန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

ဝေါ ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် လက်ပန်ကျေးရွာ၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၁၉ ရက်တွင် အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်ငြိမ်းအိက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စီမံကိန်းနှင့်ပတ်သက်၍ ကဏ္ဍာတစ်ခုချင်းအလိုက်ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ချိုလေး

ရွှေဘိုမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မတ်ပဲရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ရွှေဘို ၈ ပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မတ်ပဲစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ရွှေဘိုမြို့နယ်၌ မတ်ပဲကို ၃၃၅၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ဧန်နပါရီလမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့အထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၀ တင်းထွက်ရှိခဲ့သည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မတ်ပဲစိုက်ပျိုးမည့်တောင်သူများကို ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်းနှင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကိုလည်း သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၀၉)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး
(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၃၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၁၅၀၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၃၇၊ ၀၅၉-၂၀၂၄၀၃၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၃၉၃၉၊ ၀၅၂-၂၂၀၃၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

သာယာအေးချမ်း ရှင်လန်းကြပါစေ

❀ နှစ်ဟောင်းလွန်မြောက်၊ နှစ်သစ်ရောက်ပြီ
ဝမ်းမြောက်ဖွယ်ရာ၊ ပြည်မြန်မာတွင်
သာယာအေးချမ်း၊ စိတ်ရှင်လန်း၍
ကျန်းမာကြစေ၊ တောင်းဆုချွေသည်
ရေလိုစိမ့်အေး၊ ပန်းသို့မွှေးစေ။
စိတ်မှာဖြူဖွေး၊ မေတ္တာတေးဝေ။

❀ နိုင်ငံ့ရေးရာ၊ အဖြာဖြာတွင်
ညီညာပေါင်းစု၊ အောင်မြင်မှုနှင့်
ပြည်သူ့အကျိုး၊ ကောင်းအောင်ကြိုး၍
ရိုးသားစွာပင်၊ ကောင်းအမြင်နှင့်
အင်နှစ်စိအေ ညီညာစေ။
ပါဝင်စို့လေ တိုင်းရင်းဆွေ။

❀ နိုင်ငံ့စီးပွား၊ ပို့ကုန်များရန်
ကြိုးစားထုတ်ကုန်၊ တောင်လိုပုံ၍
ပြည့်စုံရည်သွေး၊ ကျယ်ပြန့်စွေးမှာ
စွေးကွက်လည်းဝင်၊ အရောင်းတွင်အောင်
ဆင်ခြင်တွေးဆ ရွက်ဆောင်ပြ။
ပို့ကုန်နှစ်ဆ တိုးမြှင့်ကြ။

❀ နိုင်ငံဖွံ့ဖြိုး၊ လှုပ်ရှားတိုးရန်
ကြိုးစားဖွေရှာ၊ တတ်ပညာနှင့်
ကျန်းမာစေမှု၊ နေထိုင်ပြုလျက်
ယခုနောက်နောင်၊ တို့ပြည်ထောင်မှာ
ရှေ့ဆောင်လှုပ်ရှား လူ့စွမ်းအား။
ကြိုးစားသင်ကြား လူငယ်များ။

❀ ကမ္ဘာ့အလယ်၊ ဂုဏ်တင့်တယ်၍
ကာကွယ်စွမ်းအား၊ ရှိန်ဟုန်များဖို့
ပြည့်သားဇာနည်၊ များစစ်သည်တို့
တိုင်းပြည်တွက်သာ၊ ရဲရင့်စွာနှင့်
ရန်ကာဆီးတား စဉ်လှုပ်ရှား။
အရေးသုံးပါး အလေးထား။

❀ နိုင်ငံ့ဂုဏ်ပြု၊ ဝန်ဆောင်မှုတွင်
တွေးရှုမျှော်မှန်း၊ ပြည့်ဝန်ထမ်းတို့
လန်းဆန်းတက်ကြွ၊ နှလုံးလှဖြင့်
ကျရာတာဝန်၊ ကျေပွန်ပါမှ
ပြည်ရွာဖွံ့ဖြိုး အလှတိုး။
ပြည်သူ့အကျိုး ထမ်းသယ်ပိုး။

❀ နှစ်သစ်မင်္ဂလာ၊ အောင်စေရာတွင်
တာဝန်ကိုယ်စီ၊ အသိညီ၍
တို့ပြည်တို့ရွာ၊ တို့ချစ်စွာဖြင့်
ညီညာတွဲလျက်၊ တို့ဆောင်ရွက်သော်
ခက်ခဲဆိုသည်၊ မရှိပြီတည့်
မြန်ပြည်ဖွံ့ဖြိုး အလှတိုးဖို့။
ရိုးသားကြိုးစား နိုးကြားလို့။
အားလုံးပါဝင် ဆောင်ရွက်ကြပါစို့။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

ညောင်ဦးမြို့ပေါ်ရှိ သစ်ခွဲစက်နှင့် သစ်အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



ညောင်ဦး ၈ပြို ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်များ၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော သစ်ခွဲစက်နှင့် သစ်အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးကို ၈ပြိုလ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်မင်းသူ၏ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့်အတူ ညောင်ဦးမြို့အမှတ် (၃) ရပ်ကွက်ရှိ မဟာမြိုင်သစ်ခွဲစက်နှင့် သစ်အရောင်းဆိုင်သို့သွားရောက်ပြီး မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေး မီးဘေးလုံခြုံရေးလုပ်ငန်းများကို အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန်၊ မီးသတ်ဆေးဘူးနှင့် အပေါ့စားမီးငြှိမ်းသတ်ရေးပစ္စည်းများ စနစ်တကျဆောင်ရွက်ထားရှိရန်၊ ရေလှောင်ကန်များ၌ ရေအပြည့်ဖြည့်တင်းထားရှိရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သစ်ခွဲစက်နှင့် သစ်အရောင်းဆိုင်လုပ်ငန်းခွင်၌ မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျတပ်ဆင်ထားခြင်း ရှိ/မရှိ၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိ၊ မီးဘေးကာကွယ်ရေးသုံးပစ္စည်းများ ပြည့်စုံမှု ရှိ/မရှိ၊ မီးသတ်ယာဉ်များ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်မှု ရှိ/မရှိ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြှိမ်းသတ်ခြင်း၊ ဖုံးအုပ်နည်းဖြင့် မီးငြှိမ်းသတ်ခြင်းတို့ကို သရုပ်ပြခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

ရန်ကုန် ၈ပြို ၁၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ဇီဝိတဒါန ငါးလွှတ်ပွဲကို ၈ပြိုလ ၁၈ ရက်က အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ မင်္ဂလာကန်တော်ကြီး၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ငါးများကို မင်္ဂလာကန်တော်ကြီးထဲသို့ လွှတ်ပေးကြသည်။ ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တာဝန်ရှိသူများက ငါးများကို မင်္ဂလာကန်တော်ကြီးထဲသို့ လွှတ်ပေးကြသည်။

အဆိုပါ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ မင်းဓမ္မကုန်းတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ မတ်လအတွင်း ကကတစ်ပိသာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ၈ပြို ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ မတ်လတစ်လတာကာလအတွင်း ကကတစ်ပိသာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကေခိုင်၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလတစ်လတာကာလအတွင်း ကကတစ်ပိသာ ၄၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၁ ရက် အထိ ကကတစ်ပိသာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"မတ်လတစ်လတာကာလအတွင်း ကကတစ်ပိသာ ၆၅၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်စျေးကွက်က အဝယ်လိုက်နေလို့ တင်ပို့အားကောင်းလာတာပါ။ ကကတစ်က တင်ပို့ရောင်းချတဲ့အခါ အကြမ်းခံတဲ့ငါးအမျိုးအစားထဲမှာပါတဲ့အတွက် ပုပ်မှာကို မစိုးရိမ်ရပါဘူး။ ကကတစ်အပါအဝင် တခြားရေထွက်ကုန်တွေလည်း အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်"ဟု ဒေါ်ကေခိုင်က ပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ကကတစ်များအပါအဝင် တခြားရေထွက်ကုန်များ တင်ပို့ရောင်းချနေရခြင်းကြောင့် လုပ်သားများနှင့်ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများထုတ်ချေး

မိတ္ထီလာ ၈ပြို ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခင်တဲကျေးရွာအုပ်စု တောင်ဖီလာကျေးရွာ၌ ၈ပြိုလ ၁၈ ရက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများကို ပြောကြားသည်။ ဆက်လက်၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး တောင်ဖီလာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် သိန်း ၄၆၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တောင်ဖီလာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးအတွက် ငွေကျပ် ၁၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးအတွက် ငွေကျပ် ၃၁၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(၆၀၂)**

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ၈ပြို ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ၈ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံနေကြာ ၁၅၆၆၂ ၈က စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် စိုက်၈ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်၍ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ၂၆ ဒသမ ၅၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ နေကြာ ၁၅၆၆၂ ၈က စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာစိုက်ခင်းတွေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကစပြီး ရိတ်သိမ်းခဲ့တာ လက်ရှိမှာ စိုက်၈ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နေကြာရိတ်သိမ်းခြွေလှေ့တာနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်းလျော့နည်းမှုမဖြစ်စေဖို့ အချိန်မီသီးနှံရိတ်သိမ်းနိုင်အောင်၊ ရိတ်သိမ်းပြီးတဲ့နေကြာတွေကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျထားသိုထိန်းသိမ်းကြဖို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသတွင်းရှိ နေကြာစိုက်ပျိုးတောင်သူများကို စိုက်၈ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်စေရန် စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို



ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်ဖြင့် သီးနှံဝင်ငွေတိုးပွားကာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆွမ်းဆန်၊ ဆီ၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း



မုံရွာ ၉ပြေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆွမ်းဆန်၊ ဆီ၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး၌ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ မုံရွာမြို့ မဟာလယ်တီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပင့်သံဃာဆရာတော်ကြီးများထံ ဆွမ်းဆန်၊ ဆီ၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အုတ်ကန်တောရစာသင်တိုက်ကြီးနှင့် မဟာဇောတိကာရာမပါဠိတက္ကသိုလ်တို့သို့ သွားရောက်၍ ပင့်သံဃာဆရာတော်ကြီးများထံ ဆွမ်းဆန်၊ ဆီ၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသွားမည့် နွေစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားရေး၊ သွင်းအားစုဈေးကွက်မြေဩများကို ဒေသခံတောင်သူများလက်ဝယ် အရောက် အချိန်မီရောက်ရှိရေး၊ နွေစပါးများအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများအတွက် ဒီဇယ်ဆီများ ဈေးနှုန်းသက်သာစွာရောင်းချပေးမည်ဖြစ်၍ လယ်သမားလက်ဝယ် အရောက် ဖြန့်ဖြူးနိုင်ရေး တာဝန်ရှိသူများက မြေပြင်အထိကွင်းဆင်းစီစစ် ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် နွေစပါးများ အချိန်မီစိုက် ပျိုးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အသံမစဲ မဟာပဒ္ဓာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ပြီးမြောက်၍ပဒ္ဓာန်းသိမ်းအောင်ပွဲကျင်းပ



တောင်ကြီး ၉ပြေ ၁၉

ရှမ်းပြည်နယ်တောင်ကြီးမြို့ ကျက်သရေဆောင်ရွေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ခုနစ်ရက်တိုင်တိုင် ကျင်းပခဲ့သည့် အသံမစဲ မဟာပဒ္ဓာန်းရွတ်ဖတ်ပူဇော်ပွဲအောင်မြင်ပြီးမြောက်ခြင်း ပဒ္ဓာန်းသိမ်းအောင်ပွဲကို ယနေ့နံနက် ၆နာရီခွဲတွင် အဆိုပါ စေတီတော်မြတ်ကြီး ပရိဝုဏ်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ပဒ္ဓာန်းသိမ်းအောင်ပွဲတွင် ဆရာတော်၊ သံဃာတော်များ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်း ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ ပရိတ်တရားတော်များ နာယူ ကြည်ညိုကြသည်။

ယင်းနောက်တောင်ကြီးမြို့ သိမ်တောင် ကျောင်းတိုက်မှအရှင်တိလောကကပဒ္ဓာန်း အောင်ဂါထာကို ရွတ်ဖတ်ပူဇော်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုတို့အတွက်အနုမောဒနာတရားနာယူကြည်ညိုး၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

စိုင်းသန်းကျော်(တောင်ကြီး)

မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များ၏ (၁၈)ကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပြုလုပ်



ဆရာတော်ထံမှ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

နေပြည်တော် ဧပြီ ၁၉

ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၏ (၁၈) ကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာကို ဧပြီလ ၁၈ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနောက်ရထားခန်းမ၌ပြုလုပ်ရာ အခမ်းအနားသို့ မရမ်းကုန်းမြို့နယ်၊ စမ်းချောင်းကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေါက်တာဝဏ္ဏသီရိအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာရဟန်းလောင်းများနှင့်ရှင်သာမဏေများအား သီရိမင်္ဂလာမန္တာအေးစေတီတော်အတွင်း ရှင်လောင်းလှည့်လည်ကြပြီး တိုင်းစစ်ဌာနချုပ်ရှိ အနောက်ရထားခန်းမ၌ ရဟန်းလောင်း ၃၉ ပါးနှင့် ရှင်သာမဏေလောင်း ၃၃ ပါးတို့ကို ဆံချမင်္ဂလာပြုလုပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စမ်းချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေါက်တာဝဏ္ဏသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား သင်္ကန်းဆီးပေးကာ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် စမ်းချောင်းကျောင်းတိုက်၌ ဒုလွှဘရဟန်းလောင်း ၃၉ ပါးတို့အား ရဟန်းခံခြင်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ သံဃာ့ကိစ္စများဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်းဆုံးမခြင်း၊ ဥပသမ္ပဒကမ္မဝါရွတ်ဖတ်ကာ ဥပသမ္ပဒကံဆောင် မြင့်မြတ်သော ရဟန်းဘောင်အဖြစ်သို့သွတ်သွင်းခြင်းတို့ကို ဆောင်ရွက်တော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပင့်သံဃာတော်များ၊ ဒုလွှဘရဟန်းများနှင့် ရှင်သာမဏေများအား သိမ်ဆင်းဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် အလှူတော်ရေစက်ချမင်္ဂလာအခမ်းအနားကို တိုင်းစစ်ဌာနချုပ် အနောက်ရထားခန်းမ၌ ဆက်လက်ပြုလုပ်ရာ စမ်းချောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝဏ္ဏသီရိ အမှူးပြုသော ဆရာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များက စမ်းချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝဏ္ဏသီရိထံမှ ရှစ်ပါးသီလခံယူဆောက်တည်၍ သံဃာတော်များ ရွတ်ပွားသရဏဂုံဆောယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကိုနာယူပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ၿငိးနောက် စမ်းချောင်းကျောင်းတိုက်ဆရာတော်က သာသနာ့ဘောင်သို့ ဝင်ရောက်ပြီးဖြစ်သော ဒုလွှဘရဟန်းများနှင့် ရှင်သာမဏေများအား သမ္မောဒနီယဩဝါဒကထာမြွက်ကြားသည်။ ယင်းနောက် ဆရာတော်ထံမှအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များ၊ ဒုလွှဘရဟန်းများနှင့် ရှင်သာမဏေများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပရဝဏ် စိမ်းလန်းစိုပြည်သာယာလှပမှုရှိစေရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပရဝဏ်စိမ်းလန်းစိုပြည် သာယာလှပမှုရှိစေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လိုဏ်ဂူသိမ်တော်ကြီး ပရဝဏ်စိမ်းလန်းစိုပြည် သာယာလှပမှုရှိစေရေး အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက သစ်ပင်၊ သစ်ကိုင်း၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်နေမှု၊ လျှပ်စစ်မီးတိုင်ဟောင်းများနှင့် ဆက်သွယ်ရေးကြိုးများ အသစ်လဲလှယ်ဆောင်ရွက်နေမှု၊ သာသနိက အဆောက်အအုံများ ပြန်လည်မွမ်းမံဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အဆောက်အအုံ ပြုပြင်ဆောင်ရွက်နေမှုနှင့် စက်ခန်းများဆောင်ရွက်နေမှု၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပိဋကတ်တိုက်အဝင်လမ်းတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် ဘဲဥပုံသဏ္ဌာန် ကန်တော်သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပိဋကတ်တိုက်အတွင်း ဗုဒ္ဓဘာသာဒေါက်တာဝဏ္ဏသီရိ အမှူးပြုသော ဆရာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များက စမ်းချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝဏ္ဏသီရိထံမှ ရှစ်ပါးသီလခံယူဆောက်တည်၍ သံဃာတော်များ ရွတ်ပွားသရဏဂုံဆယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကိုနာယူပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ၿငိးနောက် စမ်းချောင်းကျောင်းတိုက်ဆရာတော်က သာသနာ့ဘောင်သို့ ဝင်ရောက်ပြီးဖြစ်သော ဒုလွှဘရဟန်းများနှင့် ရှင်သာမဏေများအား သမ္မောဒနီယဩဝါဒကထာမြွက်ကြားသည်။ ယင်းနောက် ဆရာတော်ထံမှအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များ၊ ဒုလွှဘရဟန်းများနှင့် ရှင်သာမဏေများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၄-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြန်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ရှမ်းကော်	ဟားခါး
92 Ron	၄၇၃၅	၄၉၂၀	၄၈၆၀	၄၇၅၀	၄၉၂၀	၄၉၃၅	၄၉၈၅	၄၈၃၀	၄၉၈၅	၅၃၀၅	၄၈၅၅	၅၁၀၅	၄၉၅၅	၄၉၁၀	၄၉၁၀	၅၁၂၀
95 Ron	၄၉၄၅	၅၁၃၅	၅၀၀၅	၄၉၆၅	၅၁၃၅	၅၁၄၅	၅၂၀၀	၅၀၄၅	၅၂၀၀	၅၁၅၅	၅၀၆၅	၅၃၂၅	၅၁၀၀	၅၁၂၅	၅၁၂၅	၅၃၃၅
HSD (500 ppm)	၆၄၈၅	၆၆၆၅	၆၆၀၅	၆၅၀၀	၆၆၆၅	၆၆၇၅	၆၇၂၅	၆၅၈၀	-	၇၀၃၀	၆၆၀၀	၇၄၅၀	၆၇၀၀	၆၆၅၅	၆၆၅၅	၆၈၆၀
HSD (50 ppm)	၇၇၅၅	၇၉၄၀	၇၈၈၀	၇၇၇၀	၇၉၄၅	၇၉၅၅	၈၀၀၅	၇၈၅၀	၈၀၀၅	၈၃၂၅	၇၈၇၅	၈၀၀၅	၇၉၉၀	၇၉၃၀	၇၉၃၀	၈၀၄၅
HSD (10 ppm)	၇၇၅၅	၇၉၄၀	၇၈၈၀	၇၇၇၀	၇၉၄၅	၇၉၅၅	၈၀၀၅	၇၈၅၀		၈၃၂၅	၇၈၇၅	၈၀၀၅	၇၉၉၀	၇၉၃၀	၇၉၃၀	၈၀၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၉၂	၄၆၁၆
95 Ron	၄၆၉၉	၄၈၂၇
HSD (500 ppm)	၆၂၀၉	၆၃၆၃
HSD (50 ppm)	၇၄၁၇	၇၅၉၆
HSD (10 ppm)	၇၄၁၇	၇၅၉၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း
လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရေချွေတာရေးနည်းလမ်းများ

- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ❖ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❖ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- ❖ အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❖ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ❖ ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

သဘာဝမြေဩဇာ တီကျစ်စာမြေဆွေးသုံးစွဲရေး အလေးထားစို့

ကျော်လွင်ဦး(ပျဉ်းမနား)

လယ်ယာမြေများသည် နှစ်စဉ်သီးထပ်သီးညှပ်စိုက်ပျိုးထုတ်လုပ်မှုကြောင့် မြေဆီဩဇာများ ခန်းခြောက်ကာ မြေဆီလွှာပျက်စီးလုနီးပါးဖြစ်ပေါ်နိုင်သည်။ မြေဆီဩဇာဓာတ်နည်းပါးသော လယ်မြေများအား လိုအပ်သည့်အာဟာရဓာတ်များ ရရှိရန် ဓာတ်မြေဩဇာများထည့်သွင်းအသုံးပြုခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ အဆိုပါလယ်ယာမြေများသည် ဓာတ်မြေဩဇာထည့်သွင်းသော်လည်း အကျိုးမဲ့သော လယ်မြေများဖြစ်ပေါ်လာမည်ဖြစ်ရာ ပြန်လည်အသုံးချနိုင်စေရန် နည်းလမ်းများစွာဖြင့် လက်တွေ့သုတေသနပြုလုပ်လျက်ရှိသည်။ သုတေသနဆောင်ရွက်ချက်များအနက်မှ လက်တွေ့အသုံးချရန်လွယ်ကူပြီး ကုန်ကျစရိတ်နည်းပါးသော တောင်သူလယ်သမားတိုင်းကိုယ်တိုင်ဆောင်ရွက်နိုင်သည့် သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်သည့် နည်းလမ်းတစ်ခုမှာ တီကောင်မွေးမြူပြီး တီကျစ်စာမြေဆွေးထုတ်လုပ်၍ မြေဆီဩဇာဓာတ်ပြန်လည်ဖြည့်တင်းပေးခြင်းဖြစ်သည်။ တီကျစ်စာမြေဆွေးကို သုံးစွဲပေးခြင်းဖြင့် မြေဆီဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ ပြန်လည်ကောင်းမွန်ကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ပြင် ယနေ့အချိန်တွင် ဓာတ်မြေဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ ပြန်လည်ကောင်းမွန်ကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ပြင် ယနေ့အချိန်တွင် ဓာတ်မြေဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ အား လိုအပ်သည့်အာဟာရဓာတ်များ ရရှိရန် ဓာတ်မြေဩဇာများထည့်သွင်းအသုံးပြုခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ အဆိုပါလယ်ယာမြေများသည် ဓာတ်မြေဩဇာထည့်သွင်းသော်လည်း အကျိုးမဲ့သော လယ်မြေများဖြစ်ပေါ်လာမည်ဖြစ်ရာ ပြန်လည်အသုံးချနိုင်စေရန် နည်းလမ်းများစွာဖြင့် လက်တွေ့သုတေသနပြုလုပ်လျက်ရှိသည်။ သုတေသနဆောင်ရွက်ချက်များအနက်မှ လက်တွေ့အသုံးချရန်လွယ်ကူပြီး ကုန်ကျစရိတ်နည်းပါးသော တောင်သူလယ်သမားတိုင်းကိုယ်တိုင်ဆောင်ရွက်နိုင်သည့် သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်သည့် နည်းလမ်းတစ်ခုမှာ တီကောင်မွေးမြူပြီး တီကျစ်စာမြေဆွေးထုတ်လုပ်၍ မြေဆီဩဇာဓာတ်ပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် မြေဆီဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ ပြန်လည်ကောင်းမွန်ကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ပြင် ယနေ့အချိန်တွင် ဓာတ်မြေဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ အား လိုအပ်သည့်အာဟာရဓာတ်များ ရရှိရန် ဓာတ်မြေဩဇာများထည့်သွင်းအသုံးပြုခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ အဆိုပါလယ်ယာမြေများသည် ဓာတ်မြေဩဇာထည့်သွင်းသော်လည်း အကျိုးမဲ့သော လယ်မြေများဖြစ်ပေါ်လာမည်ဖြစ်ရာ ပြန်လည်အသုံးချနိုင်စေရန် နည်းလမ်းများစွာဖြင့် လက်တွေ့သုတေသနပြုလုပ်လျက်ရှိသည်။ သုတေသနဆောင်ရွက်ချက်များအနက်မှ လက်တွေ့အသုံးချရန်လွယ်ကူပြီး ကုန်ကျစရိတ်နည်းပါးသော တောင်သူလယ်သမားတိုင်းကိုယ်တိုင်ဆောင်ရွက်နိုင်သည့် သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်သည့် နည်းလမ်းတစ်ခုမှာ တီကောင်မွေးမြူပြီး တီကျစ်စာမြေဆွေးထုတ်လုပ်၍ မြေဆီဩဇာဓာတ်ပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် မြေဆီဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ ပြန်လည်ကောင်းမွန်ကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ပြင် ယနေ့အချိန်တွင် ဓာတ်မြေဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ အား လိုအပ်သည့်အာဟာရဓာတ်များ ရရှိရန် ဓာတ်မြေဩဇာများထည့်သွင်းအသုံးပြုခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ အဆိုပါလယ်ယာမြေများသည် ဓာတ်မြေဩဇာထည့်သွင်းသော်လည်း အကျိုးမဲ့သော လယ်မြေများဖြစ်ပေါ်လာမည်ဖြစ်ရာ ပြန်လည်အသုံးချနိုင်စေရန် နည်းလမ်းများစွာဖြင့် လက်တွေ့သုတေသနပြုလုပ်လျက်ရှိသည်။ သုတေသနဆောင်ရွက်ချက်များအနက်မှ လက်တွေ့အသုံးချရန်လွယ်ကူပြီး ကုန်ကျစရိတ်နည်းပါးသော တောင်သူလယ်သမားတိုင်းကိုယ်တိုင်ဆောင်ရွက်နိုင်သည့် သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်သည့် နည်းလမ်းတစ်ခုမှာ တီကောင်မွေးမြူပြီး တီကျစ်စာမြေဆွေးထုတ်လုပ်၍ မြေဆီဩဇာဓာတ်ပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် မြေဆီဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ ပြန်လည်ကောင်းမွန်ကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ပြင် ယနေ့အချိန်တွင် ဓာတ်မြေဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ အား လိုအပ်သည့်အာဟာရဓာတ်များ ရရှိရန် ဓာတ်မြေဩဇာများထည့်သွင်းအသုံးပြုခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ အဆိုပါလယ်ယာမြေများသည် ဓာတ်မြေဩဇာထည့်သွင်းသော်လည်း အကျိုးမဲ့သော လယ်မြေများဖြစ်ပေါ်လာမည်ဖြစ်ရာ ပြန်လည်အသုံးချနိုင်စေရန် နည်းလမ်းများစွာဖြင့် လက်တွေ့သုတေသနပြုလုပ်လျက်ရှိသည်။

သုတေသနဆောင်ရွက်ချက်များအနက်မှ လက်တွေ့အသုံးချရန်လွယ်ကူပြီး ကုန်ကျစရိတ်နည်းပါးသော တောင်သူလယ်သမားတိုင်းကိုယ်တိုင်ဆောင်ရွက်နိုင်သည့် သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်သည့် နည်းလမ်းတစ်ခုမှာ တီကောင်မွေးမြူပြီး တီကျစ်စာမြေဆွေးထုတ်လုပ်၍ မြေဆီဩဇာဓာတ်ပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် မြေဆီဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ ပြန်လည်ကောင်းမွန်ကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ပြင် ယနေ့အချိန်တွင် ဓာတ်မြေဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါးဖြစ်နေသော လယ်ယာမြေများ အား လိုအပ်သည့်အာဟာရဓာတ်များ ရရှိရန် ဓာတ်မြေဩဇာများထည့်သွင်းအသုံးပြုခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ အဆိုပါလယ်ယာမြေများသည် ဓာတ်မြေဩဇာထည့်သွင်းသော်လည်း အကျိုးမဲ့သော လယ်မြေများဖြစ်ပေါ်လာမည်ဖြစ်ရာ ပြန်လည်အသုံးချနိုင်စေရန် နည်းလမ်းများစွာဖြင့် လက်တွေ့သုတေသနပြုလုပ်လျက်ရှိသည်။

တီကျစ်စာမြေဆွေး

တီကျစ်စာမြေဆွေး ဆိုသည်မှာ တီကောင်များက သဘာဝအလျောက် မြေကြီး၊ သစ်ရွက်များ၊ သစ်ပင်အကြွင်းအကျန်များ၊ နွားချေးများ၊ လယ်ယာစွန့်ပစ်ပစ္စည်းများကိုစားသုံး၍ ပြန်လည်စွန့်ထုတ်လိုက်သည့် တီကျစ်စာများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုခြင်းဖြစ်သည်။ တီကျစ်စာမြေဆွေးသည် တောင်သူလယ်သမားများအတွက်အသစ်အဆန်းမဟုတ်သော်လည်း တီကျစ်စာမြေဆွေး၏အကျိုးရှိပုံနှင့် များများစားစား ထုတ်လုပ်အသုံးပြုနိုင်ပုံတို့ကို သိရှိသူနည်းပါးလျက်ရှိသည်။ တီကျစ်စာမြေဆွေးကို ထုတ်လုပ်အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ကိုင်ခြင်းသည် တည်တံ့ခိုင်မြဲသော အော်ဂဲနစ်စိုက်ပျိုးရေးကို လုပ်ဆောင်ရန်အတွက် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ယခုအခါ ကမ္ဘာ့နိုင်ငံများစွာတွင် ဓာတုဓာတ်မြေဩဇာများ ထည့်သွင်းစိုက်ပျိုးထားသည့်သီးနှံများ စားသုံးမှုမှ သဘာဝမြေဆွေးဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများကို ရွေးချယ်စားသုံးလာကြသည်။ ထိုသို့ရွေးချယ်စားသုံးလာရခြင်းမှာလည်း ဓာတုဓာတ်မြေဩဇာများဖြင့် စိုက်ပျိုးထားသည့်သီးနှံများ၏ ဘေးထွက်ဆိုးကျိုးများကြောင့်ဖြစ်သည်။ ထို့ပြင် ဓာတုပိုးသတ်ဆေးများ၏ဓာတ်ကြွင်းအာနိသင်ဆိုးကျိုးများကြောင့်လည်း ဓာတုကင်းလွတ်သီးနှံများကိုစွေးကောင်းပေး၍ ဝယ်ယူအသုံးပြုလာခဲ့ကြသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝမြေဩဇာများကို နည်းအမျိုးမျိုးဖြင့် ရှာဖွေဖော်ထုတ်အသုံးပြုလာခဲ့ရာ ကုန်ကျစရိတ်အနည်းဆုံးဖြင့် လွယ်ကူစွာထုတ်လုပ်နိုင်သည့်တီကျစ်စာမြေဆွေးထုတ်လုပ်ခြင်းလုပ်ငန်းကိုလည်း ရှေ့တန်းတင်၍ ဆောင်ရွက်လာကြကြောင်း တွေ့ရှိရသည်။

ဓာတုကင်းလွတ်သီးနှံ၊ အော်ဂဲနစ် (Organic)သီးနှံများနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာအစားထိုး သဘာဝမြေဩဇာများကို ထုတ်လုပ် အသုံးပြုလျက်ရှိသည်။ တီကောင်များကို ၎င်းတို့ကြိုက်နှစ်သက်သည့်နေထိုင်မှုပတ်ဝန်းကျင်နှင့်အစာများ ဖန်တီးပေးပြီး တီကောင်များမျိုးပွားလာအောင် မွေးမြူ၍ တီကောင်မွေးမြူရေးလုပ်ငန်းမှ ဖြစ်ပေါ်လာသောတီကျစ်စာမြေဆွေးသည် ထိရောက်မှုအရှိဆုံးနှင့် အကောင်းဆုံးဖြစ်သည်။ ကမ္ဘာပေါ်တွင် တီကောင်မျိုးစိတ်ပေါင်း ၃၀၀ ခန့်ရှိသော်လည်း ယေဘုယျအားဖြင့် နေထိုင်မှုပုံစံပေါ်မူတည်၍ တီကောင်မျိုးကွဲအုပ်စု (၃)စု ခွဲထားသည်။

(၁) အပေါ်ယံမြေလွှာအောက်တွင်နေထိုင်လေ့ရှိသော တီကောင်

(၂) မြေဆွေး၊ သစ်ရွက်ဆွေး စသည်တို့တွင် နေထိုင်သော တီကောင်တို့ဖြစ်ကြသည်။

(၁) **အပေါ်ယံမြေလွှာအောက် တွင်နေထိုင်လေ့ရှိသော တီကောင်**

မြေဆွေးပြုလုပ်မည့်အုပ်စုဖြစ်သည်။ တီကောင်သည် အနီရောင်ရှိပြီး အမြီးပြားသည်။ မြေမျက်နှာပြင်တွင်နေထိုင်၍ လတ်ဆတ်သောဇီဝပစ္စည်းများကို ၉၀ ရာခိုင်နှုန်းစားသုံးပြီး မြေကြီးကို ၁၀ ရာခိုင်နှုန်း စားသုံးသည်။ ၎င်းတီကောင်မျိုးများသည် တီကောင်စွန့်ပစ်မြေဆွေးကို ပုံမှန်လုပ်ဆောင်နိုင်သည်။

(၂) **မြေကြီးအောက်တွင် နေထိုင်သော တီကောင်**

အသင့်ဖြစ်ပြီး မြေဆွေးများကို စားသုံးသည့် အုပ်စုဖြစ်သည်။ ၎င်းတို့သည် မြေဆီလွှာရေစိမ့်ဝင်မှုနှင့်မြေဆွေးရောနှောပျံနှံမှုတို့ကိုလုပ်ဆောင်သည်။ မြေမျက်နှာပြင်အောက် တိမ်သောအလွှာတွင် တွင်းများပြုလုပ်ပြီး နေထိုင်ကြသည်။

(၃) **မြေဆွေး၊ သစ်ရွက်ဆွေး စသည်တို့တွင် နေထိုင်သော တီကောင်**

တွင်းများပြုလုပ်ပြီးနေထိုင်ကြသည်။ ဓာတ်သတ္တုကြွယ်ဝသောမြေမျက်နှာပြင်မှ ပိုနက်သည့်အလွှာတွင် နေထိုင်ကြသည်။ ညအချိန်တွင် တွင်းထဲမှမြေမျက်နှာပြင်ပေါ်တက်၍ အစာများကိုသယ်ယူပြီး စားသုံးကြသည်။ သို့ဖြစ်၍ ၎င်းသည်လည်း မြေဆီလွှာရေစိမ့်ဝင်မှုနှင့် မြေကြီးထဲသို့ မြေဆွေးနှင့်အာဟာရပျံနှံမှုတို့အတွက် အသုံးဝင်သည်။

တီကျစ်စာမြေဆွေးကို ၁၉၉၀ ပြည့်နှစ်၌ ပြင်သစ်နိုင်ငံတွင် စီးပွားဖြစ်ထုတ်လုပ်ခဲ့သည်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် အိမ်ခရီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့်လာအိုနိုင်ငံတို့တွင် တီကောင်မွေးမြူရေးလုပ်ငန်းအား သဘာဝမြေဩဇာထုတ်လုပ်ရန် ဆောင်ရွက်ခဲ့သည်။ ၁၉၉၇-၁၉၉၈ ခုနှစ်မှစတင်၍ အိန္ဒိယနိုင်ငံသည် တီကောင်မွေးမြူရေးလုပ်ငန်းနှင့်တီကျစ်စာမြေဆွေးထုတ်လုပ်ခဲ့ရာ တန်ချိန်ပေါင်း ၃ ဒသမ ၅ သန်းကျော် ထုတ်လုပ်ခဲ့ပြီးဖြစ်သည်။ တီကောင်မွေးမြူ၍ တီကျစ်စာမြေဆွေးထုတ်လုပ်အသုံးပြုမှုနည်းပညာများကို အိန္ဒိယနိုင်ငံနှင့်အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးရေး ဗဟိုဌာန(CIRDAP)တို့တွင် ဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံတွင် တီကျစ်စာမြေဆွေးထုတ်လုပ်မှုသာမက တီကောင်များအား မြေဆီထက်သန်စေရန် စိုက်ပျိုးမြေများတွင် နှစ်စဉ်မျိုးထည့်သွင်းမွေးမြူလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ် ဩဂုတ်လမှစ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ယခုစိုက်ပျိုးရေးဦးစီးဌာန) ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဟင်းသီးဟင်းရွက်သစ်သီးဝလံသုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနတွင် စတင်ဆောင်ရွက်ခဲ့ပြီးနောက် ဌာနဆိုင်ရာခြံများ၊ အခြားဌာနများသို့ မျိုးများဖြန့်ဖြူးပေးခဲ့သည်။

တီကျစ်စာမြေဆွေးတွင် အပင်အာဟာရဓာတ်ပါဝင်မှု

- မြေချဉ်ငန်ဓာတ် - ၇ ရာခိုင်နှုန်းဝန်းကျင်
- နိုက်ထရိုဂျင် - ၄ ဒသမ ၈၅ ရာခိုင်နှုန်း
- ဖော့စဖောရပ်စ် - ၄ ဒသမ ၅၅ ရာခိုင်နှုန်း
- ပိုတက်စီယမ် - ၁ ဒသမ ၈၂ ရာခိုင်နှုန်း
- သစ်ဆွေးဓာတ် - ၁၀ ဒသမ ၈ ရာခိုင်နှုန်း
- ကယ်စီယမ် - ၀ ဒသမ ၈၉ ရာခိုင်နှုန်း
- မဂ္ဂနီစီယမ် - ၀ ဒသမ ၂၁ ရာခိုင်နှုန်း

မွေးမြူရန် တီကောင်အမျိုးအစား ရွေးချယ်ခြင်း

တီကောင်များသည် ကမ္ဘာအနှံ့မျိုးစိတ်ပေါင်း ၃၀၀ ခန့်ရှိပြီး ၎င်းတို့အနက်မှ တီကျစ်စာမြေဆွေးပြုလုပ်ရန် သင့်လျော်သောတီကောင်များအား ရွေးချယ်မွေးမြူရပါမည်။

မွေးမြူသင့်သည့်နိုင်ငံခြားတီကောင်မျိုးများ

(၁) Red Worm ဥရောပမှ ပျံနှံ့သည့်မျိုး

(၂) Tiger Worm ဥရောပမှ ပျံနှံ့သည့်မျိုး

(၃) Indian Blue Worms အိန္ဒိယမှ ပျံနှံ့သည့်မျိုး

(၄) Night Crawler အာဖရိကမှ ပျံနှံ့သည့်မျိုး


တီကျစ်စာမြေဆွေး ထုတ်လုပ်နည်း အဆင့်ဆင့်

သဘာဝအလျောက် တီကောင်များမှ စားသုံးပြီး စွန့်ပစ်ပစ္စည်းများကိုစုဆောင်း၍ တီကျစ်စာမြေဆွေး စုဆောင်းရယူနိုင်သည်။ သို့သော် လူတို့ဖန်တီးပေးထားသောပတ်ဝန်းကျင်တွင် များများစား၊ မြန်မြန်အညစ်အကြေးစွန့်ပြီး မြန်မြန်မျိုးပွားသည့်မျိုးစိတ်များကို ရောနှောမွေးမြူသင့်သည်။ တီကောင်များကို ပထမဦးစွာ အလျား ၁၀ ပေ၊ အနံ ၄ ပေ၊ အမြင့် ၃ ပေအရွယ် အုတ်ကန်တစ်ခုပြုလုပ်ပါ။ ကန်အောက်ခြေအား တစ်ဖက်သို့ အနည်းငယ်စောင်းနေအောင် တည်ဆောက်ရပါမည်။ သို့မှသာ တီကျစ်စာမြေဆွေးမှ အရည်များစီးစိမ့်မှုကောင်းစွာဖြင့် ပြင်ပသို့ ထွက်လာမည်ဖြစ်သည်။

ကန်အောက်ခြေတွင် အုတ်ခဲကျိုးသို့မဟုတ် ကျောက်စရစ်ခဲအရွယ်တော်များအား ၁ လက်မခွဲခန့် ဖြန့်ခင်းထားရပါမည်။ ၎င်းနောက် မြေကြီးနှင့်နွားချေး/ကြက်ချေး၊ သစ်ရွက်ဆွေး အထူ ၆ လက်မမှ ၈ လက်မခန့် ဖြည့်တင်းပါ။ ထို့နောက် သစ်ရွက်အပိုင်းအစများ၊ စားကြွင်းစားကျန်များ၊ ပေါင်းမြက်များ၄ ၎င်းပျောပင်ပင်စည်စဉ်းဖတ်များနှင့်လယ်ယာစွန့်ပစ်ပစ္စည်းများအား ပုံပါအတိုင်း ကန်ပြည့်သည်အထိ တစ်လှာစီဖြည့်ပါ။ နွားချေးသည် တီကောင်မွေးမြူရေးအတွက် အသင့်လျော်ဆုံးဖြစ်သည်။

ကန်အတွင်းရှိပစ္စည်းများ စတင်ဆွေးမြည့်စေရန် ၄ ရက်မှ ၅ ရက်အထိ စောင့်ရပါမည်။ ပြီးလျှင် ကန်အတွင်းသို့ တီကျစ်စာမြေဆွေးစတင်ထုတ်လုပ်ပေးနိုင်သည့် တီကောင် ၁၀၀၀ ထည့်ပေးရပါမည်။ (တီကောင်- မျိုးကွဲ (၄)မျိုး၊ တစ်မျိုးလျှင် အကောင်ရေ ၂၅၀ ဖြင့် အကောင်ရေ

စာမျက်နှာ ၁၄ သို့▲



- **တီကျစ်စာမြေဆွေးကို သုံးစွဲပေးခြင်းဖြင့် မြေဆီဩဇာဓာတ်ကုန်ဆုံးပျက်စီးလုနီးပါး ဖြစ်နေသော လယ်ယာမြေများ ပြန်လည်ကောင်းမွန်ကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမည်ဖြစ် . . .**
- **တီကျစ်စာမြေဆွေးကို ထုတ်လုပ်အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ကိုင်ခြင်းသည် တည်တံ့ခိုင်မြဲသောအော်ဂဲနစ်စိုက်ပျိုးရေးကို လုပ်ဆောင်ရန်အတွက် နည်းလမ်းကောင်းတစ်ခုဖြစ်. . .**
- **ကမ္ဘာ့နိုင်ငံများစွာတွင် ဓာတုဓာတ်မြေဩဇာများ ထည့်သွင်းစိုက်ပျိုးထားသည့်သီးနှံများ စားသုံးမှုမှ သဘာဝမြေဆွေးဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများကို ရွေးချယ်စားသုံးလာ . . .**

▲ စာမျက်နှာ ၁၃ မှအဆက်

၁၀၀၀ ခန့်ထည့်ပေးရပါမည်) အစိုဓာတ်ထိန်းရန်အပေါ်မှ ဂုန်နီအိတ်ခွံအဟောင်းများ၊ ခဲနိရွက်များ၊ အုန်းလက်များ၊ သက်ငယ်ရွက်များဖြင့် ဖုံးအုပ်ထားရပါမည်။ ရက် ၆၀ ခန့်တွင် တီကောင်များ ပွားများလာပြီး အော်ဂဲနစ်ပစ္စည်းအကြွင်းအကျန်များကို စားသုံးမည်ဖြစ်သည်။ လုပ်ငန်းစဉ်တစ်ခုလုံးအတွက် ၃ လ ခန့်သာ ကြာမြင့်ပြီး အညိုရောင်တီကျစ်စာမြေဆွေးများကို ရရှိနိုင်မည်ဖြစ်သည်။ သစ်ရွက်၊ ပေါင်းမြက်များနှင့် စွန့်ပစ်ပစ္စည်းများအား တစ်ပတ်လျှင် တစ်ခါ ထပ်မံဖြည့်တင်းပေးလျှင် လုံလောက်သည်။ ထည့်သွင်းသောစွန့်ပစ်ပစ္စည်းများ၏ချဉ်ငန်ဓာတ်မှာ (၆ ဒသမ ၅ မှ ၇ ဒသမ သုည)ရှိသင့်သည်။ နေ့စဉ် အစိုဓာတ် စိုစွတ်နေရုံရေလောင်းပေးရပါမည်။

မွေးမြူကန်ကို ပွင့်လင်းရာသီတွင် သစ်ပင်ရိပ်၊ အဆောက်အအုံအရိပ်အောက်တွင် ပြုလုပ်ပါ။ မိုးရာသီတွင် ကန်အတွင်း မိုးရေများမဝင်နိုင်ရန်အမိုးတဲတည်ဆောက်ရပါမည်။ ကန်အတွင်းအောက်ခြေမှ ရေမဝင်အောင် ဂရုပြုပါ။ ကန်အတွင်း ရေဝပ်ပါက မြေဩဇာထုတ်လုပ်မည့် တီကောင်များ သေဆုံးနိုင်သည်ကို သတိပြုပါ။ တီကျစ်စာမြေဆွေးမွေးမြူပြီး ၃ ရက်မှ ၄ ရက်အကြာတွင် ရေထွက်ပေါက်မှတစ်ဆင့် အရည်များကို ထုတ်ယူနိုင်သည်။ ၁ လခန့်ကြာလျှင် အသုံးပြုနိုင်သောမြေဆွေးကို စတင်ရရှိပါမည်။

မြေဆွေးများ မထုတ်ယူမီ ရေဖျန်းခြင်းကို ၂ ရက်၊ ၃ ရက်ဖြတ်လိုက်ပါက တီကောင်များသည် ကန်အောက်ခြေအစိုဓာတ်ရှိရာသို့ ရောက်ရှိသွားသဖြင့် အပေါ်ပိုင်းတွင်ရှိသော တီကျစ်စာမြေဆွေးများကို ထုတ်ယူနိုင်ပါသည်။ လစဉ်မြေဩဇာ ၁ တန်နှင့် တီကျစ်စာမြေဆွေးအရည် ၁၂ ဂါလန်ခန့်ရရှိနိုင်သည်။

ရရှိလာသော တီကျစ်စာမြေဆွေးများကို အိတ်တွင် ထည့်၍ အေးသောနေရာတွင် စုဆောင်းသိုလှောင်နိုင်သည်။

မွေးမြူရာတွင်သတိပြုရမည့်အချက်များ

၁။ တီကောင်ပွားများမှုကို အဟန့်အတားဖြစ်စေသော အနံ့ပြင်းသည့် ဆေးရွက်ကြီး၊ ငရုတ်ပင်များ၊ ရှောက်မျိုးနွယ်အပင်များကို တီစာအဖြစ် မထည့်သင့်ပါ။

၂။ ခြင်္ကပုရွက်ဆိတ်၊ ၄ က်များရန်မှ အထူး ဂရုပြုကာကွယ်ပါ။

၃။ တီကောင်မစားသုံးနိုင်သည့် ပုလင်းကွဲ၊ ပလတ်စတစ်အပိုင်းအစများကို အစာတွင် မပါဝင်စေရပါ။

တီကျစ်စာမြေဆွေးထုတ်လုပ်သုံးစွဲခြင်း အကျိုးကျေးဇူးများ

၁။ လယ်ယာများတွင်မူလရှိရင်းစွဲထက် မြေဆီဩဇာပိုမိုထက်သန်လာခြင်း။

၂။ မြေဆီဩဇာခန်း၍ ပျက်စီးနေသော မြေများတွင် ထယ်ရေးပြုပြင်ချိန်၌ မြေခံအဖြစ်ထည့်သွင်းသုံးစွဲ၍ သီးနှံပြန်လည်စိုက်ပျိုးနိုင်ခြင်း။

၃။ တီကျစ်စာမြေဆွေးနှင့်တီကောင် ရုပ်ကြွင်းများကြောင့် မြေ၏ရုပ်ဂုဏ် သတ္တိပိုမိုကောင်းမွန်လာခြင်း။

၄။ တီကောင် အမျိုးအစားအလိုက် မြေကြီးအတွင်း အထက်အောက် အပြန်အလှန်သွားလာခြင်းဖြင့် မြေဩဇာထက်သန်မှုဖြစ်စေခြင်း။

၅။ မျိုးပွားမှုနှုန်း လျင်မြန်ခြင်းကြောင့် မြေဆီလွှာဖွဲ့စည်းမှု လျင်မြန်လာစေခြင်း။

၆။ တီကောင် စွန့်ပစ် မြေဆွေးသည် မြေချဉ်ငန်ဓာတ်မျှတ၍ မြေဆီလွှာအတွင်း ထည့်သွင်းသုံးစွဲရန်ကောင်းခြင်း။

၇။ တီကောင်စွန့်ပစ်မြေဆွေး အသုံးပြု၍ ဈေးကောင်းရသည့်ဓာတုကင်းလွတ်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း။

၈။ မြေဩဇာထုတ်လုပ်ရန်လွယ်ကူပြီး ထုတ်လုပ်မှုအရင်းအနှီးနည်းကာ တောင်သူလယ်သမားတိုင်း ဆောင်ရွက်နိုင်ခြင်း။

၉။ စွန့်ပစ်ပစ္စည်းများ အမှိုက်များကို အသုံးပြုပြီး မြေဆွေးထုတ်လုပ်သည်ဖြစ်၍ လူနှင့်ပတ်ဝန်းကျင် အတွက် သန့်ရှင်းမှုကို ဖြစ်စေခြင်း။

၁၀။ တီကောင်များက မြေကြီးအတွင်း ဝင်ရောက်၍ မြေတွင်း လေဝင်လေထွက်ကောင်းမွန်စေခြင်း။

၁၁။ ဓာတ်မြေဩဇာအသုံးပြုမှုကိုလျှော့ချနိုင်သဖြင့် ထုတ်လုပ်မှုစရိတ်လျော့နည်းသက်သာစေခြင်း။

၁၂။ မြေဆီလွှာတွင် အပင်များအတွက် လိုအပ်သော N, P, K အာဟာရဓာတ်များတိုးပွားစေရန်နှင့် ဓာတ်မြေဩဇာ၏ အာနိသင်ပိုမိုထိရောက်စေရန်၊ ဓာတ်မြေဩဇာနှင့်တီကျစ်စာမြေဆွေး ၁ အချိုး ၃ ရောစပ်၍ မြေခံတွင်လည်းကောင်း၊ ပင်ကြား၊ တန်းကြားများတွင်လည်းကောင်း ထည့်သွင်းအသုံးပြုခြင်းဖြင့် အပင်ကြီးထွားမှုနှင့် သီးနှံအထွက်နှုန်းတိုးတက်မှုကို ဖြစ်ပေါ်စေခြင်း။

သီးနှံအမျိုးအစားအလိုက် သုံးစွဲရန် တီကျစ်စာမြေဆွေး သုံးစွဲရမည့်ပမာဏ (တစ်ဧကာ)

စဉ်	သီးနှံ	သုံးရမည့် အလေးချိန်(ပေါင်)
၁	စပါး	၁၀၀၀
၂	နှမ်း၊ ပဲမျိုးစုံ	၁၈၀-၂၆၀
၃	ကြက်ဆူ	၂၅၀-၄၅၀
၄	နေကြာ၊ ဂျုံ၊ ပြောင်း၊ ဘာလီ	၆၀၀-၇၀၀
၅	ကြက်သွန်နီ၊ ရုံးပတီ၊ သခွား၊ ချင်း၊ ဆေးရွက်ကြီး	၉၀၀
၆	ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ အာလူး၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်ဖြူ	၁၀၀၀
၇	ဥယျာဉ်ခြံသီးနှံများ (တစ်ပင်လျှင်)	၅-၁၅

အတွက် သန့်ရှင်းမှုကို ဖြစ်စေခြင်း။

အချုပ်အားဖြင့်ဆိုသော် တီကျစ်မြေဆွေးသည် တောင်သူလယ်သမားများကိုယ်တိုင် ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူထုတ်လုပ်သုံးစွဲနိုင်ပြီး မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများကို ကောင်းမွန်စေပြီး မြေဆီလွှာဖွဲ့စည်းမှု အကျိုးပြုသည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို အထောက်အကူပြုသည့် မြေဆွေးဖြစ်သည်။ သို့ဖြစ်ရာ "သဘာဝမြေဩဇာတီကျစ်စာမြေဆွေး သုံးစွဲရေးအလေးထားကြပါစို့"တိုက်တွန်းနှိုးဆော်ရေးသားလိုက်ပါသည်။ ။

ကျောက်ဆည်မြို့နယ် အရှေ့သပြေကုန်းကျေးရွာ၌ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ၈ပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နွေနှမ်း ၄၄၂၀၆ ဧကလျာထားစိုက်ပျိုးလျက်ရှိရာ အရှေ့သပြေကုန်းကျေးရွာ၌ စိုက်ပျိုးထားသောနွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ထိုသို့စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခြင်းမှာ တောင်သူများအနေဖြင့် နွေနှမ်းသီးနှံများစိုက်ပျိုးရာတွင် ဦးစွာထယ်ရေးကောင်းမွန်စွာပြုပြင်၍ တန်းဆွဲစနစ်ဖြင့် စိုက်ပျိုးကြောင်း၊ တန်းဆွဲစနစ်ဖြင့် စိုက်ပျိုးခြင်းသည် အပင်သားခွဲရာတွင် လည်းကောင်း၊ ပေါင်းမြက်များရှင်းလင်းရာတွင်လည်းကောင်း လွယ်ကူပြီးရေလိုအပ်သည့်အခါတွင်လည်း လိုအပ်သလို ထိန်းညှိသွင်းနိုင်သောကြောင့် အပင်ဖြစ်ထွန်းမှုကောင်းပြီး အထွက်နှုန်းသေချာမှုရှိကြောင်း တောင်သူများထံမှသိရသည်။



ထို့ပြင် နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ဆင်းရတနာ(၄)နှမ်းအဖြူမျိုးများကို အဓိကထားစိုက်ပျိုးကြသည်။ နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများမှ တောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးခြင်းနည်းပညာများကို စနစ်တကျကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

သဇင်(FM) အသံလွှင့်အစီအစဉ်

၂၀-၄-၂၀၂၆(တနလာ်နေ့)

၁။	၀၉:၀၀	Sport News
၂။	၁၁:၅၀	ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။	၁၅:၀၀	Jumping For You
၄။	၁၆:၄၀	I Music
၅။	၁၈:၂၀	ဂုဏ်ယူအလွမ်း
၆။	၂၂:၂၀	Goodnight Listeners

အပူဒဏ်အန္တရာယ်လျော့ကျရေးလုပ်ငန်းများဆောင်ရွက်

ဆိပ်ဖြူ ၈ပြီ ၁၉

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ယခုရက်ပိုင်းတွင် အပူဒဏ်အန္တရာယ်လျော့ကျစေရန် လူစည်ကားသည့်နေရာများအား ရေသယ်ယာဉ်များဖြင့် ရေဖျန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ဆိပ်ဖြူမြို့နယ်သည် အပူပိုင်းဒေသရပ်ဝန်း၌တည်ရှိသော မြို့နယ်တစ်ခုဖြစ်ပြီး နေအပူချိန်မြင့်မားသည့်အချိန်အတွင်း ဒေသခံပြည်သူများအပူဒဏ်လျော့ပါးသက်သာစေရန် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် လူစည်ကားရာနေရာဖြစ်သည့် ပတ္တမြားစျေးနှင့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းမကြီးနေရာများကို မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ရေသယ်ယာဉ်များ၊ ပုဂ္ဂလိကပိုင်ရေသယ်ယာဉ်များဖြင့် အပူဒဏ်လျော့ပါးသက်သာစေရန်ရေဖျန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရပ်ကွက်နေ သက်ကြီးဘိုးဘွားများအတွက် ရွှေမင်းဝန်သာသနာ့ဗိမာန်၌ အပူရှောင်စခန်းကိုဖွင့်လှစ်ထားကြောင်း၊ အပူဒဏ်အန္တရာယ်ကြောင့် ကျန်းမာရေးအရေးပေါ်အခြေအနေတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဆေးကုသမှုများဆောင်ရွက်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုဖွဲ့(အညာမြေ)**

ထိုင်းရိုးရာသင်္ကြန်ပွဲတော် ၂၀၂၆(Songkran Festival 2026)သို့ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး တက်ရောက်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့အခြေစိုက် ထိုင်းနိုင်ငံသံရုံးက ကျင်းပသည့် ထိုင်းရိုးရာသင်္ကြန်ပွဲတော် ၂၀၂၆ (Songkran Festival 2026) အခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းရှိ ထိုင်းသံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Sypasri နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Supasri ကအဖွင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ် H.E.Mr. Kallayana Vipattipumiiprates ကနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မင်္ဂလာမောင်းသုံးချက်တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်နှင့် အခမ်းအနားသို့တက်ရောက်လာသည့် ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မြန်မာ၊ ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့တို့က အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ခင်းကျင်းထားသော ထိုင်းရိုးရာစားသောက်ဆိုင်များကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

မြဝတီ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၁၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးပုဂ္ဂိုလ် H.E. Mr. Anton Kobyakov နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. S.E.Tsivilev တို့၏ ဖိတ်ကြားမှုအရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ဧပြီလ ၁၂ ရက်မှ ၁၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့သွားရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း နိုင်ငံအကြီးအကဲများနှင့် ဒေသဆိုင်ရာအကြီးအကဲများ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ-ရုရှား-တရုတ် သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင်လုံခြုံရေးနှင့် စွမ်းအင်ဖူလုံရေးဆောင်ရွက်သွားမည့် အစီအမံများအား ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံအတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းများအား ရေရှည်ဖြည့်ဆည်းပေးနိုင်ရန် သဘောတူညီမှုလက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။



မြဝတီ

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်များအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးနေအိမ်များအတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့ ကွင်းဆင်းထောက်ပံ့ပေးအပ်

နေပြည်တော် ဧပြီ ၁၉

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့်အတူ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်အတွင်း ဧပြီလ ၁၇ ရက်ညနေပိုင်းက ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရပ်ကွက်/ကျေးရွာများသို့ သွားရောက်ထောက်ပံ့ငွေများပေးအပ်သည်။



ဦးစွာ ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇီးကုန်းမြို့နယ် ရပ်ကွက်ငါး ရပ်ကွက် ကျေးရွာအုပ်စု ၁၈ စုမှ ပြိုကျနေအိမ် ၁၀ အိမ်၊ အမိုးလန်နေအိမ် ၃၇၅ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးဘုန်းတော်ကြီးကျောင်းငါးကျောင်းတို့အတွက်ထောက်ပံ့ငွေကျပ် ၂၀၂ ဒသမ ၅ သိန်း၊ ဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ ၁၅၅၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၇၇ ဒသမ ၇ သိန်း၊ အိမ်ထောင်စု ၃၈၅ စုအတွက် တန်ဖိုးငွေကျပ် ၁၅ ဒသမ ၄ သိန်းရှိ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း Hygiene Kit ၃၈၅ စုံ၊ ကြို့ပင်ကောက်မြို့နယ် ရပ်ကွက်ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၅ စုမှ ပြိုကျနေအိမ် ၅၇ အိမ်၊ အမိုးလန်နေအိမ် ၆၃၉ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ် ၃၈၄ ဒသမ ၅ သိန်း၊ ဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ ၂၂၀၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၁၀ ဒသမ ၂၅ သိန်း၊ အိမ်ထောင်စု ၆၉၆ စုအတွက် တန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၄ သိန်းရှိ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း Hygiene Kit ၆၉၆ စုံတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ပေးအပ်သည်။

ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်အတွင်းဖြစ်ပွားသည့် လေဘေးနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့ပေးခဲ့မှုမှာ ယမန်နေ့က ထောက်ပံ့ခဲ့သော လုံးဝပြိုကျပျက်စီးအိမ်များအတွက် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းအိမ်ထောင်စု ၆၇ စုစာ အပါအဝင် ထောက်ပံ့ငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၉၁၈ ဒသမ ၆၉ သိန်း ဖြစ်ကြောင်း သိရသည်။

မြဝတီ

တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

အင်္ဂလန်ပရီမီးယားလိဂ်

ချဲလ်ဆီး	၀ - ၁	မန်ယူ
ဗီလာ	၄ - ၃	ဆန်းဒါးလန်း
အဲဗာတန်	၁ - ၂	လီဗာပူး
နော်တင်ဟမ်	၄ - ၁	ဘန်လေ
မန်စီးတီး	၂ - ၁	အာဆင်နယ်

ဂျာမန်ဘွန်ဒက်လီဂါ

ဖရိုင်းဘတ်	၂ - ၁	ဟိုက်ဒန်ဟိမ်း
ဘိုင်ယန်	၄ - ၂	စတုဂတ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်တို့အား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဖူးမြော်ကြည်ညိုု

ရန်ကုန် ဧပြီ ၁၉

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရအား သွားရောက်ဖူးမြော်ကြည်ညိုု၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ရှိ နှစ်ပေါင်း ၁၁၁ နှစ်သက်တမ်းရှိသော မဟာသိမ်တော်ကြီးသို့ ရောက်ရှိပြီး အဆိုပါမဟာသိမ်တော်ကြီး ပြန်လည်ပြုပြင် တည်ဆောက်ရေးအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ မဟာသိမ်တော်ကြီး ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ် လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ၃ လနှင့် ၄ ရက်အကြာ (ဘီစီ ၅၄၃) မှစ၍ ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်၊ ပါဋလိပုတ်ပြည်နှင့် သီရိလင်္ကာနိုင်ငံတို့တွင် စတုတ္ထအကြိမ်အထိ သင်္ဂါယနာတင်တော်မူခဲ့ကြပြီး ပိဋကတ်တော်များကို ပိုမိုထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်အတွက် မြန်မာနိုင်ငံ မန္တလေးမြို့၌ ပဉ္စမသင်္ဂါယနာကို လည်းကောင်း၊ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာကို လည်းကောင်း တင်တော်မူခဲ့ကြရာ ယခုလာမည့် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်မှာ နှစ်(၇၀)ပြည့် မြောက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ခမ်းနားကြီးကျယ်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ လုပ်ငန်းများအချိန်မီ ပြီးစီးရေးအတွက် လိုအပ်ချက်များကို မှာကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် ထည့်သွင်းကျင်းပမည့် ကျောက်စာတိုင်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး အထိမ်းအမှတ်ကျောက်စာတိုင်အား သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေးအတွက် အသေးစိတ် မှာကြားသည်။

ယင်းနောက် အထိမ်းအမှတ်ပြခန်းတည်ဆောက်ရေးလုပ်ငန်းခွင်ဖြစ်သော မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း ပတ်လမ်းသို့ရောက်ရှိပြီး ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ အဆင့်ဆင့် သင်္ဂါယနာတင်ခဲ့သည့် ပြခန်းများ၊ ပြကွက်များနှင့် မျက်မှောက်ကာလတွင် သာသနာတော်တိုးတက်ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရ၏ သာသနာပြုလုပ်ငန်းဆောင်ရွက်ချက် ပြကွက်များအား အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ဒေသတွင်းစိမ်းလန်းစိုပြည်စေရန် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံပျိုးဥယျာဉ်သို့ သွားရောက်စစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၆ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကျင်းပနိုင်ရေး၊ ဒေသတွင်းစိမ်းလန်းစိုပြည်စေရန်အတွက် လူထုဖြန့် ပျိုးပင်များဖြန့်ဝေပေးနိုင်ရေးနှင့် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲကျင်းပနိုင်ရေးအတွက် မြေနေရာ ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် အမြင့် ၃ ပေနှင့် အထက်ပျိုးပင်များကို စုဆောင်းထားရှိရန်၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ရာသီဥတုပြောင်းလဲမှုများလျော့ချရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် မှာကြားပြီး ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုံအတွင်းရှိ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ အမှတ်(၉)သစ်စက်၌ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် သိလိုသည်များ အားမေးမြန်းပြီး လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ပြည့်ဝစွာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၆·c	/	၃၈·c
ရန်ကုန်	၂၆·c	/	၄၀·c
မန္တလေး	၂၇·c	/	၄၁·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

■ ရှေ့ပုံးမှအဆက်

စိုက်ပျိုးရေးနည်းပညာပေးစင်တာ၌ကျင်းပရာ ဓာတ်မြေဩဇဝယ်ယူနေကြသည့်နွေစပါးစိုက်တောင်သူများကို ပြည်ထောင်စုဝန်ကြီးများနှင့်နေပြည်တော်ကောင်စီအဖွဲ့ဝင်တို့က တွေ့ဆုံအားပေးစကားပြောကြားကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူများအနေဖြင့် သွင်းအားစုဓာတ်မြေဩများသုံးစွဲရာတွင် အလေအလွင့်မဖြစ်ပေါ်စေရေးနှင့် သီးနှံသက်တမ်းအလိုက် ထည့်သွင်းရမည့်ပမာဏ၊ ထည့်သွင်းနည်းစနစ်များအတိုင်း သွင်းအားစုများအား မှန်မှန်ကန်ကန်အသုံးပြုပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပိုလျှံရေး သာမက ပြည်ပသို့ဆန်တင်ပို့မှုမြှင့်တင်နိုင်ရေး ကြိုးပမ်းကြရန်နှင့်ကမ္ဘာတစ်ဝန်းလက်ရှိဖြစ်ပေါ်နေသော သွင်းအားစုလိုအပ်ချက်အခက်အခဲများကြားမှ နိုင်ငံတော်က နွေစပါးစိုက်တောင်သူများအတွက် အထူးကြိုးပမ်းပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်၍ အလွဲသုံးစားမဖြစ်စေဘဲ အကျိုးရှိထိရောက်စွာအသုံးပြုကြရန် တိုက်တွန်းအားပေးပြောကြားသည်။

ယင်းနောက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တောင်သူများအတွက်



လိုအပ်သည့် သွင်းအားစုဓာတ်မြေဩများကို တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး ဆက်လက်စီမံဆောင်ရွက်ပေးမည့်အခြေအနေနှင့် တောင်သူများဝင်ငွေတိုးပွားရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာန၏ဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူများ၏ နွေစပါးစိုက်ခင်းများအတွက် စိုက်ပျိုးရေးအချိန်ကိုက်ရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်တို့သည် မြန်မာ့သြဇာကောမက် G-46 ပုလဲဓာတ်မြေဩ တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းငါးရာကျပ်နှုန်းဖြင့် စိုက်ဧကအလိုက် လိုအပ်ချက်အပေါ်မူတည်၍ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ကျေးရွာခြောက်ရွာ၌ ဓာတ်မြေဩများရောင်းချပေးလျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များအတွင်း လက်ရှိစိုက်ပျိုးလျက်ရှိသော နွေစပါးစိုက်ဧကများမှ ထွန်ယက်စိုက်ပျိုးရန် ကျန်ရှိသည့်ဧရိယာ၏ ဓာတ်မြေဩလိုအပ်ချက် ၃၀ ရာခိုင်နှုန်းကို ပထမအသုတ်အဖြစ် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ မြေပြင်ကွင်းဆင်းစိစစ်ထားသော ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ကျန်ဧရိယာများအတွက်ကိုလည်း အသုံးပြုရမည့် ကာလအမီ နှစ်ကြိမ်ခွဲ ရောင်းချပေးခြင်းဖြင့် ရာနှုန်းပြည့်ဆောင်ရွက်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ဧယျာသီရိမြို့နယ်အတွင်း မိုးရာသီရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေးဆောင်ရွက်လျက်ရှိသည့် မဝိုက်ကယ်ရိုးတစ်လျှောက်နှင့် ကျွန်းရောင်း၊ အိုင်စောက်၊ ပေါင်းလောင်းရေနုတ်မြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သက်နှင်းအင်းအုပ်စု သစ်တပ်ကလေး ကျေးရွာနှင့် သက်နှင်းအင်းကျေးရွာအနီးတွင် နရာနန်ချောင်း ချဲ့ထွင်တူးဖော်ဆောင်ရွက်နိုင်ရေးအတွက် မူလချောင်းနယ်နိမိတ်တည်ရှိမှု၊ ချဲ့ထွင်တူးဖော်မည့်ချောင်းဧရိယာ အကျယ်တို့နှင့်ပတ်သက်၍ ဒေသနေတောင်သူများ၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည့် ဧယျာသီရိမြို့နယ် စည်ပင်ကြီးအုပ်စု ချောင်းကမ်းကြီးကျေးရွာအနီးရှိကျွန်းရောင်း - အိုင်စောက် - ပေါင်းလောင်းရေနုတ်မြောင်းအား ချောင်းကမ်းကြီးကျေးရွာအနီးမှ ပေါင်းလောင်းမြစ်အထိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တူးဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများအား မိုးရာသီမတိုင်မီ အချိန်မီပြီးစီးနိုင်ရေးအတွက် စက်ယန္တရားများဖြင့် အရှိန်အဟုန်မပြတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါရေနုတ်မြောင်းများပြီးစီးပါက ပင်လောင်းလမ်းဆုံအပါအဝင် ပတ်ဝန်းကျင်တွင် ရေကြီးရေလျှံမှုများ ကာကွယ်နိုင်မည်ဖြစ်၍ အချိန်မီပြီးစီးရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင်လူနေအိမ်များ၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများမပြုလုပ်ရေးကိုလည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ မန္တလေးလျှင်ကြောင့် ပျက်စီးသွားသောလမ်း၊ တံတားများ ပြုပြင်ပြီးစီးမှုနှင့် ဆွာချောင်းတံတားအသစ် ပြန်လည်တည်ဆောက်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွေ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)တွင် မန္တလေးလျှင်ကြီးကြောင့် ပျက်စီးသွားသောလမ်း၊ တံတားများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် မိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတားအသစ်တည်ဆောက်နေသည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတားသို့ရောက်ရှိပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်ခြင်း၌ တံတားတည်ဆောက်ရေးအဖွဲ့ တာဝန်ခံက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော တံတားနေရာတွင် တံတားအသစ် အစားထိုးတည်ဆောက်ရာ၌ ငလျင်ပြင်းအား ၈ အထိခံနိုင်သော ဒီဇိုင်းရေးဆွဲဆောင်ရွက်ထားသည့်အခြေအနေ၊ မြေငလျင်ဒဏ်ခံနိုင်သည့် ဒီဇိုင်းရရှိရေးအတွက် မြေစမ်းသပ်ခြင်းလုပ်ငန်းများအပြင် ကျွမ်းကျင်ပညာရှင်များဖြင့် ဘူမိရူပဗေဒတိုင်းတာခြင်း (Geophysical Survey) ရလဒ်များအရ (Soil Improvement) မြေသားခံနိုင်ဝန်မြင့်တက်စေရေး ဆောင်ရွက်ခဲ့မှု၊ တည်ဆောက်ရေးလုပ်ငန်းစဉ်များအရ Pile Cap , Pier Shaft နှင့် Top Beam များပြုလုပ်ခြင်း၊ Steel Plate Girder များတပ်ဆင်ခြင်းနှင့် ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုဆွာချောင်းတံတားနေရာသည် ရာဂိမုန်တိုင်းကြောင့် ရေကြီးရေလျှံ၍ ပြင်းထန်သော ရေတိုက်စားမှုခံရခြင်း၊ မန္တလေးလျှင်လှုပ်ခဲ့စဉ်တွင်လည်း ငလျင်ဒဏ်အား ပြင်းထန်စွာခံရသည့်အပိုင်းတွင် ပါဝင်ခဲ့ခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်မကြာခဏခံရလေ့ရှိသည့်နေရာဖြစ်သဖြင့် ငလျင်ဒဏ်ခံနိုင်သည်အထိ စဉ်းစားဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးတာဝန်ယူထားသူများအနေဖြင့် တံတားအသစ်ပြန်လည်တည်ဆောက်ရာတွင် ဒီဇိုင်းပါပုံစံများအတိုင်း သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အရည်အသွေးပြည့်ဝစွာ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အသွားလမ်းဘက်ရှိ ယာယီဘေလီတံတားကြံ့ခိုင်မှုအား အမြဲမပြတ်စစ်ဆေးရန်လိုကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားလုပ်ငန်းခွင်သို့သွားရောက်၍ P-1 မှ P-9 အထိ Steel Plate Girder များ တပ်ဆင်ပြီးစီး၍ တံတားကြမ်းခင်း



ကွန်ကရစ်သွန်းလောင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ Bearing များအား ငလျင်ဒဏ်ခံ Elastomeric Bearings များ တပ်ဆင်ဆောင်ရွက်ထားသည့်အခြေအနေ၊ အရည်အသွေးထိန်းသိမ်းရေး ဆောင်ရွက်နေမှု၊ ရေတိုက်စားမှုကာကွယ်ရန် ရေလမ်းကြောင်းရှင်းလင်းခြင်းနှင့် ရေတားအကာအကွယ်များ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော လမ်း၊ တံတားများကို ပြုပြင်ပြီးစီး၍ မိုင်တိုင်အမှတ်(၁၆၀/၁)ရှိ မှောက်ခုံချောင်းတံတားသည်လည်း ပြန်လည်ပြုပြင်ပြီးစီးခဲ့ပြီဖြစ်သည်။

ယခုမိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတား(အပြန်လမ်း)အား အသစ်အစားထိုး ပြန်လည်တည်ဆောက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇွန်လတွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဆွာချောင်းတံတား(အပြန်လမ်း)အသစ်တည်ဆောက်ပြီးစီးပါက လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် (အသွားလမ်း)နေရာတွင် ယာယီဘေလီတံတားထပ်ပိုးအသုံးပြုနေခြင်းကိုလည်း အစားထိုး၍တံတားအသစ်ပြန်လည်တည်ဆောက်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

○ ပုသိမ်ခရိုင်မှ

လက်ရှိဧကအားလုံးစိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းပြီးချိန်က စတင်ပြီး ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကိုကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ စိုက်ပျိုးရေးရရှိဖို့အတွက် ရေမြောင်းတွေပြန်လည်တူးဖော်တဲ့လုပ်ငန်းတွေကိုလည်း တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဓာတ်မြေဩနဲ့တခြားလိုအပ်တာတွေကိုလည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးထားပါတယ်” ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူကပြောသည်။

ပုသိမ်ခရိုင်အတွင်း စိုက်ပျိုးပြီးဖြစ်သည့်စပါး ၂၃၀၃၅၀ ဧကတွင် ပုသိမ်မြို့နယ်၌ ၅၁၆၉၆ ဧက၊ သာပေါင်းမြို့နယ်၌ ၉၄၀၀၂ ဧက၊ ကန်ကြီးထောင့်မြို့နယ်၌ ၇၆၇၁၄ ဧက၊ ငပုတောမြို့နယ်၌ ၇၉၃၈ ဧကဖြစ်ကြောင်း၊ အဆိုပါနွေစပါးများအောင်မြင် ဖြစ်ထွန်းစေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းညီစေရန်နှင့်ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်

မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွေ ၁၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ **(မိုး/၈လ)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Farmers harvest more than 200 acres of mung bean in Pwintbyu Township

PWINTBYU April 19

A total of 225 acres of mung bean has been harvested in Pwintbyu Township of Magway Region, yielding 12.52 baskets per acre, according to the Pwintbyu Township Agriculture Department.

Pwintbyu Township saw the cultivation of 276 acres of mung bean during the winter crop growing season. Harvesting of these mung bean fields began in February this year, and as of today, 225 acres have been harvested, with an average yield of 12.52 baskets per acre.

"During the winter cropping season in Pwintbyu Township, a total of 276 acres of mung bean were cultivated. Harvesting of these mung bean fields is currently underway, and up to today, 225 acres have been completed. In order to expand the cultivation area and achieve higher yields, efforts are being made to enable farmers to plant high-quality and pure seed varieties suitable for the local region. This year, the mung bean fields have not experienced pest or disease infestations, resulting in higher yields compared with last year. For the remaining fields yet to be harvested, field supervision and guidance on timely harvesting techniques are being provided to prevent yield losses," said Daw Moe Moe Wai, Head of the Township Agriculture Department in Pwintbyu.

During the winter cropping season in Pwintbyu Township, a total of 72,564 acres of various pulses—including mung bean, black gram, lablab bean, butter bean, cowpea, chickpea, pigeon pea, rice bean, lima bean, and other pulses—were targeted for cultivation. However, actual ground cultivation reached 82,637 acres, exceeding the target.

The Township Agriculture Department has been assisting pulse farmers by providing agricultural awareness and technical guidance. These include expanding crop cultivation areas, selecting high-quality seed varieties, applying proper cultivation methods, preventing pest infestations, systematically using natural fertilizers, and adopting timely harvesting and post-harvest techniques to improve yields.

SK

Locals harvest over 1,000 acres of winter green beans in Taze Township

TAZE April 19

More than 1,000 acres of green beans planted during the winter crops planting season have been harvested in Taze Township, YeU District, Sagaing Region, according to the statistics of the Department of Agriculture for YeU District.

Taze Township has been able to plant 3,889 acres of green beans during the winter crops planting season, and the green beans have been harvested since January this year. So far, 1,613 acres have been harvested, yielding more than 17 baskets per acre.

"The green beans planted are currently being harvested. More than 1,000 acres have been harvested to date. Green beans cultivation has been increasing year by year. There are education programs to expand green beans cultivation and to use good varieties for better yields," said U Zaw Myint Htun, head of the Department of Agriculture for YeU District.

In Taze Township, the relevant Township Agriculture Department has been educating farmers who grow green beans on the importance of obtaining good and clean varieties that are suitable for the region, proper planting methods, pest control, systematic use of fertilizers, and good yields.

SMK

Large volume of shrimp paste supplied to Yangon market



NGAPUTAW April 19

"Local businesspersons from Ngaputaw Township of Ayeyawady Region dispatched a large volume of shrimp paste to Yangon market," said Daw Win Maw, the woner of fish and fish paste trader in Ngaputaw Township.

From Ngaputaw Township, locally produced shrimp paste is mainly exported and sold to the Yangon market. Up to 69,000 viss of shrimp paste were transported and sold within the month, according to reports. The local shrimp paste is currently priced at Ks-210,000 per 10 viss.

"We export regional products, including shrimp paste, from Ngaputaw Township to the Yangon market. During the past month alone, about 69,000 viss of shrimp paste were transported and sold. At present, demand for shrimp paste from the Yangon market is very high. In the domestic market, demand for shrimp paste has been increasing and prices have also risen. As sales of shrimp paste have improved again, not only business owners but also workers are benefiting," said Daw Win Maw.

In Ngaputaw Township, seafood traders purchase mysid shrimp (myin) caught at sea by local fishermen and process them into ready-to-eat shrimp paste for sale. The shrimp paste production and trading business is a local industry, and each shrimp paste enterprise creates employment for at least 15 to 25 workers in the area.

SMK

Kanbalu Township finishes harvest of winter sesame plantations



KANBALU April 19

Local farmers from Kanbalu Township of Sagaing Region harvested all plantations of winter sesame, according to the township Agriculture Department.

During the winter cropping season in Kanbalu Township, a total of 95,724 acres of winter sesame were cultivated. Harvesting of the sesame fields began in January this year, and as of today the harvest has been completed on 100 percent of the planted acreage, with an average yield of 16.31 baskets per acre.

"During the winter cropping season in Kanbalu Township, about 95,724 acres of sesame were cultivated. At present, harvesting has been completed on all of the cultivated acres. Sesame cultivation has been increasing year by year. Farmers mainly cultivate sesame during the winter season rather than the rainy season. As an oilseed crop, it is currently in a successful condition," said U Myo Zaw, head of the Township Department of Agriculture in Kanbalu.

In Kanbalu Township, the Township Department of Agriculture has been providing technical guidance and awareness programs to sesame farmers to help expand sesame cultivation, adopt proper cultivation techniques, apply Good Agricultural Practices (GAP), use high-quality and pure seed varieties, and grow high-yielding varieties.

Crops produced using the GAP system are said to have better quality and higher market prices compared with crops produced through other cultivation methods. They also provide the advantage of being marketed not only in the domestic market but also exported to international markets. Therefore, farmers who cultivate crops under the GAP system can gain greater economic benefits, which will also contribute to the improvement of their socio-economic conditions.

SK

Farmers complete harvest of more than 10,000 acres of groundnut

DABAYIN April 19

According to YeU District Agriculture Department, local farmers have harvested 10,000 acres of groundnut in Dabayin Township of Sagaing Region.

In Dabayin Township, during the winter cropping season, groundnut was cultivated on up to 35,981 acres. Harvesting of the cultivated groundnut fields began in January this year, and to date, 10,408 acres have been harvested, with an average yield of 48.33 baskets per acre.

"At Dabayin Township, a total of 35,981 acres of groundnut were planted during the winter cropping season. At present, the planted groundnut fields are being harvested, and more than 10,000 acres have already been harvested as of today. Groundnut cultivation has been successful and productive. Groundnut cultivation has been increasing year by year," said U Zaw Myint Htun, Head of the YeU District Department of Agriculture.



In Dabayin Township, one and a half baskets of seed are required per acre for groundnut cultivation. Including the cost of seeds, labor charges, fertilizers, and pesticides, the total cultivation cost exceeds Ks-200,000 per acre. It is reported that more than 50 baskets can be produced per acre.

To ensure the successful growth of groundnut plantations in Dabayin Township, prevent pest and disease infestation, and keep fields free of weeds, staff from the Township Department of Agriculture conducted field inspections and took surveillance records in the cultivated fields.

SK

Merchants supply many bags of Kyapyan rice to Yangon market

NYAUNGDON April 19

"Local merchants from Nyaungdon Township of Ayeyawady Region sold a large number of bags for Kyapyan rice to Yangon market,"said Daw San San Win, the owner of rice and paddy trading depot in Nyaungdon Township.

In Nyaungdon Township, 55,000 bags (24 pyi per bag) of Kyapyan rice were exported to the Yangon market within the month.

"During the past month, we exported up to 55,000 bags of Kyapyan rice to the Yangon market. From Nyaungdon, paddy, rice, and other agricultural products are mainly shipped to Yangon. Kyapyan rice is a variety classified under fine rice. There have been many purchase inquiries from the Yangon market for Kyapyan rice this month as well. Compared to other rice varieties, Kyapyan rice has seen stronger trading both over the past month and at present," said Daw San San Win.

Over the past month, Kyapyan rice exported from Nyaungdon Township to the Yangon market fetched up to Ks-112,000 per 24-pyi bag. As trading in paddy and rice has improved, farmers, traders, cargo handlers, and truck rental operators have reportedly gained more job opportunities.

SMK



Monywa Township harvests more than 8,000 acres of chickpea

MONYWA April 19

Local farmers harvested more than 8,000 acres of chickpea planted in Monywa Township of Sagaing Region during the cold season, according to the township Agriculture Department.

In Monywa Township, during the winter cropping season, chickpea was cultivated on 16,511 acres. Harvesting of the planted chickpea fields began in January this year, and to date, 8,140 acres have been harvested, with an average yield of 16.65 baskets per acre.

"During the winter cropping season in Monywa Township, chickpea was cultivated on 16,511 acres. At present, the planted chickpea fields are being harvested, and more than 8,000 acres have been harvested as of today. Chickpea cultivation has been increasing year by year. To ensure good yield and quality of pulses, we have cooperated with farmers to provide quality seeds, necessary agricultural inputs, and post-harvest technologies," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

In Monywa Township, high-yielding varieties suitable for the local climate, such as Yezin-8 and Yezin-11, are selected for cultivation. It is reported that the cultivation cost for one acre of chickpea exceeds Ks-300,000.

During this year's winter cropping season, for the cultivation of various pulses, efforts are being carried out in cooperation with farmers to ensure good yield and quality by providing quality seeds, necessary inputs, and post-harvest technologies. In addition, awareness and extension activities have been conducted in coordination with model farmers to promote the use of beneficial Trichoderma fungi during the pulses cultivation period.

Sagaing Region is the region with the largest cultivation area for various pulses nationwide. Pulses are grown as a main crop and can also be cultivated as double or inter-crops, enabling farmers to grow them as income-generating crops.

SMK

Local farmers harvest all plantations of green gram in Myinmu Township

MYINMU April 19

All sown acreage of green gram has been harvested in Myinmu Township of Sagaing Region, according to Sagaing District Agriculture Department.

In Myinmu Township, during the winter cropping season, green gram was cultivated on 1,288 acres. Harvesting of the planted green gram fields began in January this year, and to date, 100 percent of the acreage has been harvested, with an average yield of more than 18 baskets per acre.

"During the winter cropping season in Myinmu Township, green gram was cultivated on 1,288 acres. At present, all of the planted green gram fields have been fully harvested. Green gram cultivation has been increasing year by year. With regard to green gram cultivation, extension activities have been carried out to promote expanded cultivation and to encourage the use of quality seeds to achieve higher yields," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

In Myinmu Township, the Township Department of Agriculture has provided awareness and technical guidance to green gram farmers to ensure access to locally suitable quality seeds, the use of correct cultivation methods, prevention of pest infestations, systematic application of chemical fertilizers, and improved yields.

During this year's winter cropping season, in cultivating various pulses, efforts are being undertaken in cooperation with farmers to ensure good yield and quality by providing quality seeds, necessary agricultural inputs, and post-harvest technologies.

SK

US extended licence for sales of Russian oil after G20 meeting – Energy Secretary

WASHINGTON April 19


The US decision to extend the licence for Russian oil sales was made after the G20 meeting in Washington, as global bankers asked the US to do so, US Energy Secretary Chris Wright said on Sunday.

"G20 conference was here, we had bankers from around the world, basically making pleas. 'We want energy prices down for us. Just help us. Be constructive,'" Wright told CNN when asked about extending the pause on sanctions against the Russian oil.

The US will reinstate its ban on Russian oil supplies at some point, Wright added.

The US Treasury Department's Office of Foreign Assets Control has issued a general license for the delivery and sale of Russian oil, extending the easing of US sanctions to crude loaded onto ships as of April 17. The authorization is valid through May 16.

On February 28, the United States and Israel launched strikes on targets in Iran, including in Tehran, causing damage and civilian casualties. Iran responded by striking Israeli territory and US military facilities in the Middle East. The escalation has virtually halted shipping through the Strait of Hormuz, a key supply route for global oil and LNG. As a result, fuel prices are rising in most countries.



Sputnik

Spanish PM says to propose to EU to terminate Association Agreement with Israel

MADRID April 19

Spain will submit a proposal to the European Union (EU) on Tuesday to terminate its Association Agreement with Israel, Prime Minister Pedro Sanchez said on Sunday, adding that " those who violate international law and the principles and values of the European Union cannot be partners of the EU."

Sanchez made the remarks at a campaign rally in Gibraleon, in the southern province of Huelva, ahead of regional elections in Andalusia.

"We will do so not because we have anything against the Israeli people, on the contrary, we are a people who are friends of the Israeli people, but because we do not agree with the actions being carried out by its government," he added.

At the campaign event, he also reiterated Spain's opposition to the ongoing conflict involving the United States and Israel against Iran, describing it as a major mistake.

Spain has in recent months adopted a more assertive stance on Middle East issues, calling for greater adherence to international law and multilateral principles in EU's external relations.

The Association Agreement has been in force since 2000 to provide the legal basis for the EU's trade relationship with Israel.

Xinhua

Brazil, Mexico, Spain voice concern over Cuba crisis, call for relief measures

MEXICO CITY April 19

Brazil, Spain and Mexico have expressed concern over the humanitarian situation in Cuba and called for measures to improve it, as well as to avoid actions that worsen the living conditions of the Cubans, a joint statement published on the Spanish Foreign Ministry's website on Saturday read.

The governments of Brazil, Mexico, and Spain expressed “great concern over the serious humanitarian crisis” affecting Cuba in a joint statement.

"The Governments of Brazil, Spain and Mexico express our deep concern regarding the serious humanitarian crisis the Cuban people faces and call for the necessary measures to be taken to alleviate this situation and to avoid actions that worsen the living conditions of the population or contravene international law," the statement said following a meeting of the leaders at the In Defence of Democracy meeting in Barcelona.

Three countries further expressed their readiness to step up coordinated humanitarian efforts aimed at supporting the Cuban population.

"We reiterate the need to respect at all times international law and the principles of territorial integrity, sovereign equality and the peaceful settlement of disputes, as enshrined in the United Nations Charter," it added.

Sputnik

Thai vessel passes through Strait of Hormuz

BANGKOK April 19

A Thai cargo vessel operated by Siam Cement Group (SCG) has successfully passed through the Strait of Hormuz after diplomatic efforts involving Oman and Iran, Thailand's Foreign Ministry updated on Sunday.

According to the ministry, one of the two vessels owned by SCG that the Foreign Ministry had previously requested assistance for safe passage from Iran has passed through the strait.

Thai Foreign Minister Sihasak Phuangketkeow paid an official visit to Oman from April 15 to 17 to promote bilateral relations, which included seeking assistance for Thai vessels stranded in the Strait of Hormuz.

Xinhua

Russian response to NATO actions in Arctic will not take Long - Deputy Foreign Minister

MOSCOW April 19

Russia's response to NATO's challenges in the Arctic will not take long as it has "enough opportunities," Russian Deputy Foreign Minister Alexander Grushko said in an interview with Sputnik.

"Our response to these challenges will not be long in coming. We have enough opportunities to respond in a timely and adequate manner to the threats posed by NATO to our security and interests," Grushko said.



In recent years, Russia has been flagging up NATO's unprecedented activity and build-up of troops near its western borders. The Kremlin has stated that Russia does not threaten anyone, but would not ignore actions that are potentially dangerous to its interests.

Sputnik

U.S., Iran accuse each other of ceasefire breach

TEHRAN April 19

Iran and the United States on Sunday accused each other of ceasefire breach.

Iranian Foreign Ministry spokesman Esmaeil Baghaei said the U.S. so-called "blockade" of Iran's ports and coastlines violated the ceasefire, calling it "unlawful and criminal."

Meanwhile, U.S. President Donald Trump has accused Iran of committing a "serious violation" of the ceasefire, according to Jonathan Karl, ABC News' chief Washington correspondent, who wrote on X on Sunday that Trump told him so.

Karl added that Trump told him that an agreement would be reached "one way or another. The nice way or the hard way."

In his Truth Social post on Sunday morning, Trump said the U.S. representatives are going to Islamabad on Monday for a new round of negotiations.

The United States is "offering a very fair and reasonable DEAL, and I hope they take it because, if they don't, the United States is going to knock out every single Power Plant, and every single Bridge, in Iran," Trump added.

Shipping through the Strait of Hormuz remained at a standstill on Sunday after the United States imposed a naval blockade on Iran, prompting Iran to reassert control over the strategic waterway.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Vaping IS a cancer risk - although less so than smoking, researchers say



Vaping can cause cancer, say researchers – but still isn't as damaging as smoking cigarettes.

More than 5.5 million Britons currently use e-cigarettes, which have long been viewed as a safer alternative to smoking.

The gadgets have previously been championed by the health service as part of a broader anti-smoking drive.

In 2023, the Conservative government even pledged to hand vapes out to more than one million Britons.

But a growing body of research suggests vapes – in all their brightly coloured and sweetly flavoured varieties – may not be as risk-free as once thought.

The latest review from researchers at the University of Canterbury in New Zealand found that vaping may raise the risk of a range of cancers, including of the nose and lung.

Analysing chemicals produced when vape liquid is heated, as well as their effect on the body, the team found that 'vaping presents an unquantifiable cancer risk'.

As cancers can take 15 years or more to develop after exposure to cancer-causing chemicals, however, they added that it could take 'many years' to determine just how large that risk is.

While vapes do not contain tar, carbon monoxide or many of the other potentially hazardous chemicals found in cigarettes, studies have found low levels of toxic chemicals, including formaldehyde, which has been linked to cancer, as well as small metal particles, in the devices.

Studies have also shown that people who vape are more likely than non-vapers to develop chronic obstructive pulmonary disease, or COPD – a chronic lung condition that which can trigger organ failure.

Vaping is still safer than smoking cigarettes, and can be an effective tool for giving up smoking, concluded the authors of the recent paper, published in the New Zealand Medical Journal.

However, they added, it's 'difficult to identify any benefit of vaping for its own sake'.

Ian Shaw, a professor in physical and chemical sciences at the University of Canterbury and the study's lead author, said: 'Vaping for its own sake adds to life's cancer risks and is therefore unacceptable'.

He added: 'It will take many years to collect clinical data to determine whether vaping causes cancer because it takes at least 15-years for cancers to develop after exposure to cancer-causing chemicals.

'In our paper, we used knowledge of the chemistry of the vaping process to determine the chemical composition of 'vape smoke' and then assessed the carcinogenic risk of each of the 'vape smoke' chemicals from published animal and other toxicity studies.

'From this, we predicted the cancer risk to vapers based on the published levels of these chemicals in 'vape smoke' and concluded that vaping presents a cancer risk.

'However, it is likely that the vaping cancer risk is lower than the cigarette smoking cancer risk.

'Therefore, using vaping for smoking cessation is acceptable because this will lower the overall cancer risk, but vaping for its own sake adds to life's cancer risks and is therefore unacceptable.'

Around 5.4 million Britons aged over 16 are believed to currently vape - more than the number who now smoke cigarettes.

The NHS say vaping is 'less harmful' than smoking and is 'also one of the most effective tools for quitting smoking'.

However, they add: 'Vaping is not completely harmless and we don't know yet what the long-term effects may be.'

The study compared levels of harmful chemicals inhaled from cigarette smoke and vapes.

It found cigarettes usually produce much higher amounts of acrolein - a toxic irritant linked to lung and heart damage - and acetaldehyde, a chemical associated with cancer risk, meaning smokers are exposed to larger doses of these substances.

Formaldehyde, a known cancer-causing chemical, was found at similar levels between cigarettes and vaping, while propionaldehyde was also found at similar levels.

Overall, the findings suggest vaping may expose users to lower levels of some toxic chemicals than smoking, but it does not remove exposure completely. Experts commenting on the findings said the research was important in highlighting that vaping is not risk-free.

Andrew Waa, co-director of ASPIRE Aotearoa tobacco control research centre at the University of Otago, said: 'For people who smoke, vapes may help them to quit their nicotine addiction completely or at least switch to vapes.

'However, simply because vapes are available, a proportion of those who 'switch' might have otherwise quit their addiction. In this case they may be exposed to more harm.'

George Laking, assicuate professor at Te Aka Mtauranga Matepukupu Centre for Cancer Research, University of Auckland, called the report was 'refreshing'.

He added: 'The main problem with vaping nicotine in my view is that it is addictive and this in turn is allowed to be profitable. I worry that physical hazards of vaping can be a distraction from the underlying cycle of addiction and profit.

'Any work that puts hazards of vaping into context will raise the level of the public conversation.

'I became interested in vaping because of my work as an oncologist for lung cancer, that remains overwhelmingly caused by smoking cigarettes, that are still many times more dangerous than vaping.'

The new research comes just weeks after researchers in Sydney, Australia, found that vaping was linked to mouth and lung cancer.

After analysing the available literature into the potential harms of vaping that were published between 2017 and 2025, they concluded that vaping is not risk free.

The most concerning studies, they noted, are the ones that show that vaping can cause changes to a user's DNA, increasing the risk of cell malfunction linked to cancer.

They said vapes cause tissue damage to the respiratory tract, which has been linked to the development of lung cancer, and it also causes changes to the oral microbiome. This drives inflammation and increases the risk of oral cancer.

The risks, they found, are highest for those who smoke both traditional cigarettes and use vapes, approximately half of the smoking population; the toxic combination increases their risk of lung cancer fourfold.

Mail Online

လေ့ကျင့်ခန်းပုံစံအမျိုးမျိုး ပြောင်းလဲလုပ်ဆောင်ခြင်းက သက်တမ်းပိုရှည်စေနိုင်



လေ့ကျင့်ခန်းလုပ်တဲ့အခါ အချိန်ဘယ်လောက်ကြာကြာလုပ်သလဲဆိုတာထက် ပုံစံအမျိုးမျိုးပြောင်းလုပ်တာက အသက်ပိုရှည်စေဖို့ လျှို့ဝှက်ချက်ဖြစ်နိုင်တယ်လို့ သုတေသနအသစ်တစ်ခုက ဆိုပါတယ်။ BMJ Medicine မှာ ဖော်ပြထားတဲ့လေ့လာမှုအရ လမ်းလျှောက်တာ၊ အလေးမတာ ဒါမှမဟုတ် တင်းနစ်ရိုက်တာမျိုး အစရှိတဲ့ လှုပ်ရှားမှုတွေကို ရောနှောလုပ်ဆောင်ပေးတာက ကျန်းမာရေးအတွက် ပိုကောင်းတယ်လို့သိရပါတယ်။

သုတေသီတွေဟာ အမျိုးသမီးနဲ့ အမျိုးသား ၁၅၀၀၀၀ ကျော်ရဲ့ အချက်အလက်တွေကို နှစ်ပေါင်း ၃၀ ကျော်ကြာအောင် စောင့်ကြည့်လေ့လာခဲ့တာပါ။ အဲဒီထဲမှာ လှုပ်ရှားမှုပုံစံစုံလင်လင်လုပ်တဲ့သူတွေဟာ ဘာမှမလုပ်တဲ့သူတွေထက် သေဆုံးနိုင်ခြေ ၁၉ ရာခိုင်နှုန်းအထိ ပိုနည်းသွားတာတွေ့ရပါတယ်။ လမ်းလျှောက်တာကတော့ အသုံးအများဆုံးလေ့ကျင့်ခန်းဖြစ်ပြီး သေဆုံးနိုင်ခြေကို ၁၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ပါတယ်။

တခြားလှုပ်ရှားမှုတွေဖြစ်တဲ့ ရက်ကက် အားကစားက ၁၅ရာခိုင်နှုန်း၊ အလေးမတာနဲ့ ပြေးတာက ၃၃ရာခိုင်နှုန်းစီ သေဆုံးနိုင်ခြေကို လျော့ကျစေတာ တွေ့ရပါတယ်။ ဒါ့အပြင် လေ့ကျင့်ခန်းပုံစံမျိုးစုံလုပ်တာဟာ နှလုံးရောဂါ၊ ကင်ဆာနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတွေကြောင့် သေဆုံးတာကိုလည်း သိသိသာသာလျော့ကျစေတယ်လို့ ဆိုပါတယ်။ **Ref: STD**

ကိုထက်

ဗီတာမင်မျိုးစုံ နေ့စဉ်သောက်ခြင်းက လူသက်တမ်းကို ရှည်စေနိုင်ခြင်းမရှိဟု နှစ် ၂၀ ကြာ လေ့လာမှုအရသိရ

အမေရိကန်နိုင်ငံသား ၃၉၀၀၀၀ ကျော်ကို ဆယ်စုနှစ်နှစ်ခုကျော်ကြာ စောင့်ကြည့်လေ့လာခဲ့တဲ့ သုတေသနအသစ်တစ်ခုအရ ဗီတာမင်မျိုးစုံပါအားဆေး နေ့စဉ်သောက်ခြင်းက လူသက်တမ်းကိုပိုရှည်စေနိုင်ခြင်း မရှိဘူးလို့သိရပါတယ်။ အမေရိကန်အမျိုးသားကင်ဆာအဖွဲ့ကဦးဆောင်ပြီး JAMA Network Open မှာ ဖော်ပြခဲ့တဲ့ ဒီလေ့လာမှုဟာ အားဆေးသောက်ရင် အသက်ရှည်မယ်ဆိုတဲ့ယူဆချက်ကို စိန်ခေါ်လိုက်တာပါ။

သုတေသီတွေဟာ ကျန်းမာရေးကောင်းတဲ့လူကြီးတွေကို ၂၇ နှစ်အထိ စောင့်ကြည့်ခဲ့တာဖြစ်ပြီး ဗီတာမင်မျိုးစုံသောက်တဲ့သူတွေနဲ့ မသောက်တဲ့သူတွေကြားမှာ ကင်ဆာ၊ နှလုံးရောဂါသို့မဟုတ်လေဖြတ်ခြင်းကြောင့် သေဆုံးမှုက သိသိသာသာကွာခြားတာမျိုး မတွေ့ရပါဘူး။ လေ့လာမှုရဲ့ အစောပိုင်းနှစ်တွေမှာဆိုရင် အားဆေးသောက်သူတွေက မသောက်သူတွေထက် သေဆုံးနိုင်ခြေ ၄ ရာခိုင်နှုန်းတောင်ပိုများနေတာကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရပါတယ်။

ဒါပေမဲ့ ကိုယ်ဝန်ဆောင်တွေအတွက် ဖောလစ်အက်စစ်သောက်တာ ဒါမှမဟုတ် ခွဲစိတ်မှုကြောင့် အာဟာရလိုအပ်ချက်ရှိသူတွေအတွက်တော့ ဗီတာမင်အားဆေးတွေက အရေးပါနေဆဲပါပဲ။ တစ်ဖက်မှာလည်း ဗီတာမင်ဓာတ်တွေကို လိုတာထက်ပိုသောက်ရင် ဘေးထွက်ဆိုးကျိုးတွေရှိနိုင်တာကြောင့်အားဆေးထက် အာဟာရပြည့်ဝတဲ့စားသောက်မှုပုံစံကသာ ပိုအရေးကြီးတယ်လို့ဆိုပါတယ်။ **Ref: STD**

ကိုထက်



တရုတ်နိုင်ငံမှာ နှစ်တန် eVTOL ယာဉ်ဖြင့် လက်ဖက်ခြောက်များကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်မှုအောင်မြင်



တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်မှာရှိတဲ့ တောင်ထူထပ်တဲ့ဒေသတွေမှာ AutoFlight ကုမ္ပဏီက လျှပ်စစ်စွမ်းအင်သုံးဒေါင်လိုက် အတက်အဆင်းလုပ်နိုင်တဲ့ နှစ်တန် eVTOL ယာဉ်ကိုအသုံးပြုပြီး အချိန်တိုအတွင်း လက်ဖက်ခြောက်များသယ်ယူပို့ဆောင်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒီစမ်းသပ်မှုမှာ ကုန်းလမ်းခရီးနဲ့ပို့ဆောင်မှုထက် နာရီများစွာပိုမိုမြန်ဆန်သွားတာတွေ့ရပါတယ်။

CarryAll (V2000CG) အမျိုးအစား အလိုအလျောက်မောင်း ကုန်တင်လေယာဉ်ဟာ ကီလိုမီတာ ၁၂၀ ခရီးကို ၃၇ မိနစ်အတွင်း ပျံသန်းနိုင်ခဲ့တာပါ။ ပုံမှန်ဆိုရင် တောင်ပတ်လမ်းတွေအတိုင်း နာရီပေါင်းများစွာမောင်းနှင်ရမယ့်ခရီးစဉ်တစ်ခုကို အချိန်တိုအတွင်း ရောက်ရှိသွားတာပါ။ အဲဒီနောက်မှာတော့ လက်ဖက်ခြောက်တွေကို အမြန်ရထားနဲ့ ဆက်လက်ပို့ဆောင်ရာ ကီလိုမီတာ ၂၀၀၀ နီးပါးဝေးတဲ့ ရှန်ဟိုင်းမြို့ကို ၂၄ နာရီအတွင်းမှာတင်ရောက်ရှိခဲ့ပါတယ်။

ဒီ eVTOL ယာဉ်ဟာ ကီလို၀ရမ် ၄၀၀ အထိတင်ဆောင်နိုင်ပြီး တစ်နာရီကို ကီလိုမီတာ ၁၈၀ နှုန်းနဲ့ ပျံသန်းနိုင်တဲ့အပြင် ပြေးလမ်းမလိုဘဲ တိုက်ရိုက်တက်ဆင်းနိုင်တာကြောင့် ဝေးလံခေါင်ဖျားတဲ့ တောင်ပေါ်ဒေသသယ်ယူပို့ဆောင်ရေးအတွက် အထူးသင့်လျော်ပါတယ်။ **Ref: IE**

ကိုထက်

၉ မိနစ်အတွင်း ၉၅ ရာခိုင်နှုန်းအထိ အမြန်ဆုံးအားသွင်းနိုင်တဲ့ ဘက်ထရီနည်းပညာအသစ်



တရုတ်နိုင်ငံမှ Sunwoda Power ဆိုတဲ့ကုမ္ပဏီက လျှပ်စစ်ကား (EV) ရဲ့ဘက်ထရီအားကို ၉ မိနစ်အတွင်း ၅၅ ရာခိုင်နှုန်းကနေ ၉၅ ရာခိုင်နှုန်းအထိအားဖြည့်ပေးနိုင်မယ့် အလွန်မြန်တဲ့ အားသွင်းနည်းပညာအသစ်တစ်ခုကိုမိတ်ဆက်လိုက်ပါတယ်။ Xingchi Supercharge Battery 2.0 လို့ခေါ်တဲ့ ဒီဘက်ထရီဟာ ၅ မိနစ်ခွဲလောက်အတွင်းမှာတင် ၇၅ ရာခိုင်နှုန်းအထိ တက်သွားနိုင်တာမို့ အားသွင်းချိန်စောင့်ရတာကို လောင်စာဆီဖြည့်သလိုမျိုး အချိန်တိုသွားစေမှာပါ။

နည်းပညာပိုင်းအရ လျှပ်စီးကြောင်းကို ၁၈၀၀ အမ်ပီယာအထိ လက်ခံနိုင်ပြီး ဗို့အား ၈၄၄ ဒသမ ၈ ဗို့မှာ အလုပ်လုပ်တာဖြစ်လို့ အားသွင်းရတာ တကယ့်ကိုမြန်ပါတယ်။ ဘက်ထရီသက်တမ်းကလည်း ၁၀ နှစ်အထိ အသုံးခံမှာဖြစ်ပြီး အကြိမ်ရေ ၁၅၀၀ ကျော် အားသွင်းနိုင်သလို အာမခံကာလအတွင်း မှာလည်း အားသွင်းနှုန်းကို အကန့်အသတ် မရှိသုံးနိုင်မှာပါ။ ဒီနည်းပညာက လျှပ်စစ်ကားသုံးသူတွေအတွက် အားသွင်းချိန်ကြာမြင့်စွာစောင့်ရတဲ့ပြဿနာကို တကယ်လက်တွေ့ကျကျနဲ့ ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်မယ့် နည်းပညာတစ်ခုဖြစ်လာမှာပါ။ **Ref: IE**

ကိုထက်

အပူချိန် ၁၃၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူဒဏ်ခံနိုင်တဲ့ ဘက်ထရီ “မီးတံတိုင်း” နည်းပညာ



လျှပ်စစ်ကား (EV) တွေမှာ ဘက်ထရီမီးလောင်ပေါက်ကွဲမှုကို တားဆီးပေးနိုင်ဖို့အတွက် အပူချိန် ၁၃၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူဒဏ်ခံနိုင်တဲ့ “မီးတံတိုင်း” နည်းပညာအသစ်တစ်ခုကို တရုတ်သုတေသီတွေက တီထွင်လိုက်ပါတယ်။ နန်ကျင်းစက်မှုတက္ကသိုလ်က ဖန်တီးလိုက်တဲ့ အခုနည်းပညာဟာ ဘက်ထရီအကန့်တစ်ခုမီးလောင်ခဲ့ရင်တောင် ကျန်တဲ့အကန့်တွေကို အပူမကူးအောင် အခိုင်အမာကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒီနည်းပညာမှာ Silica Aerogel လို့ခေါ်တဲ့ အလွန်ပေါ့ပါးသောအလွှာကို အသုံးပြုထားတာဖြစ်ပြီး ၂ ဒသမ ၃ မီလီမီတာသာ အထူရှိပေမယ့် တစ်ဖက်မှာ အပူချိန် ၁၀၀၀ ဒီဂရီစင်တီဂရိတ်အထိ ပူနေရင်တောင်မှ နောက်တစ်ဖက်ကို အပူမကူးနိုင်အောင် ၅ မိနစ်ကျော်ကြာ ထိန်းထားပေးနိုင်ပါတယ်။ ဒါ့အပြင် ဘက်ထရီတွေ အားသွင်းချိန်မှာပွလာတာ ဒါမှမဟုတ် ကျုံ့သွားတာတွေကိုလည်း ၉၀ ရာခိုင်နှုန်းကျော်အထိ ခံနိုင်ရည်ရှိပါတယ်။ အခု CATL၊ BYD နဲ့ Xiaomi တို့လို ထိပ်တန်းကုမ္ပဏီကြီးတွေမှာပါ ဒီနည်းပညာကို စတင်အသုံးပြုနေပြီဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်ကားတွေမှာ မတော်တဆမှုဖြစ်လို့ ဘက်ထရီမီးလောင်ရင်တောင် ဘေးလွတ်ရာသွားဖို့အချိန်ပိုရစေနိုင်မှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

ဟော်မုရေလက်ကြား၌ ပိတ်မိနေသည့် ထိုင်းကုန်တင်သင်္ဘော တစ်စင်း လွတ်မြောက်လာဟုဆို

ဘန်ကောက်၊ ပြည်တွင်းရေး

ဟော်မုရေလက်ကြားအတွင်း ပိတ်မိနေသော ထိုင်းနိုင်ငံ၏ Siam Cement Group (SCG) ပိုင် ကုန်တင်သင်္ဘောတစ်စင်းသည် အိုမန်နှင့် အီရန်နိုင်ငံတို့၏ သံတမန်ရေးရာကူညီညှိနှိုင်းပေးမှုကြောင့် ထိုရေလက်ကြားမှအောင်မြင်စွာ ဖြတ်သန်းလွတ်မြောက်လာကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီလ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

သင်္ဘောများဘေးကင်းလုံခြုံစွာ ဖြတ်သန်းနိုင်ရေးအတွက် အီရန်နိုင်ငံထံ အကူအညီတောင်းခံထားသည့် SCG ပိုင် သင်္ဘောနှစ်စင်းအနက်တစ်စင်းမှာ ယခုကဲ့သို့ဖြတ်သန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးသည် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန်နှင့် ဟော်မုရေလက်ကြား၌ပိတ်မိနေသည့် ထိုင်းသင်္ဘောများအတွက် အကူအညီတောင်းခံရန် ဧပြီလ ၁၅ ရက်မှ၁၇ ရက်အထိ အိုမန်နိုင်ငံသို့ တရားဝင်သွားရောက်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ဖြတ်သန်းနိုင်မှုမှာ နိုင်ငံများပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ပြီး ကျန်ရှိနေသည့် သင်္ဘောများ၏အခြေအနေကို တာဝန်ရှိသူများက စောင့်ကြည့်လျက်ရှိသည်။

Ref: Xinhua

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုချိုးဖောက်နေဟု အမေရိကန်နှင့် အီရန်တို့ အပြန်အလှန် စွပ်စွဲ



တီဟီရန်၊ စစ်ရေး

အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်နေသည်ဟု ဧပြီလ ၁၉ ရက်တွင် အပြန်အလှန်စွပ်စွဲလိုက်သည်။

အမေရိကန်က အီရန်၏ဆိပ်ကမ်းများနှင့် ကမ်းရိုးတန်းများကို ပိတ်ဆို့ထားခြင်းမှာ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခြင်းဖြစ်ပြီး တရားမဝင်သော ရာဇဝတ်မှုဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်စမာအီဘာဂါအီ ကပြောသည်။

တစ်ဖက်တွင်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ပြင်းထန်စွာ ချိုးဖောက်နေကြောင်း စွပ်စွဲထားသည်။

သဘောတူညီချက်တစ်ခုကို နည်းလမ်းကောင်းဖြင့်ဖြစ်စေ၊ နည်းလမ်းကြမ်းဖြင့်ဖြစ်စေ တစ်မျိုးမဟုတ်တစ်မျိုး ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထရမ့်က ပြောသည်။ ထို့ပြင် ဧပြီလ ၂၀ ရက်တွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် အီရန်နှင့်ဆွေးနွေးပွဲအသစ်အတွက် ပါကစ္စတန်နိုင်ငံသို့သွားမည်ဖြစ်ကြောင်း ၎င်း၏ Truth Social လူမှုကွန်ရက်တွင် ရေးထားသည်။

အမေရိကန်အနေဖြင့် မျှတပြီးသင့်လျော်မှုရှိသော သဘောတူညီချက်တစ်ခုကို ကမ်းလှမ်းထားကြောင်း၊ အကယ်၍ အီရန်ဘက်မှလက်မခံပါက အီရန်နိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် တံတားအားလုံးကို အမေရိကန်က ဖျက်ဆီးမည်ဖြစ်ကြောင်းဟု ထရမ့်ကသတိပေးထားသည်။ လက်ရှိတွင် နှစ်ဖက်တင်းမာမှုများကြောင့် ဟော်မုရေလက်ကြားကို ပိတ်ဆို့ထားရခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

စစ်သည်များအန္တရာယ်နှင့် ရင်ဆိုင်ရပါက အစ္စရေးက လက်ဘနွန်၌ အင်အားအပြည့်သုံးမည်

ဂျေရုဆလင်၊ စစ်ရေး

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရှိနေသော်လည်း စစ်သည်များသည် အန္တရာယ်နှင့်ရင်ဆိုင်ရပါက လက်ဘနွန်နိုင်ငံအတွင်း အင်အားအပြည့်သုံး၍ တုံ့ပြန်သွားမည်ဟု အစ္စရေးအစိုးရကပြောသည်။ အပစ်အခတ်ရပ်စဲရေးကာလအတွင်း စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ကန့်သတ်ထားသော်လည်း တပ်ဖွဲ့ဝင်များ၏ ဘေးကင်းလုံခြုံရေးသည်ဦးစားပေးဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက အလေးပေးပြောသည်။

အဆိုပါထုတ်ပြန်ချက်သည် လက်ဘနွန်တောင်ပိုင်းရှိ နယ်စပ်တစ်လျှောက် တင်းမာမှုများရှိနေစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

အစ္စရေးအနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လေးစားလိုက်နာမည်ဖြစ်သော်လည်း ရန်လိုသောလုပ်ရပ်များသို့မဟုတ်စစ်ဆင်မှုများအပေါ် တိုက်ခိုက်ရန် ကြိုးပမ်းမှုမှန်သမျှကို လက်ပိုက်ကြည့်မည်မဟုတ်ဘဲ လိုအပ်ပါကစစ်ရေးအရ ပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဟုဆိုသည်။ လက်ရှိတွင် ဒေသတွင်းတည်ငြိမ်ရေးအတွက် နိုင်ငံတကာက စောင့်ကြည့်လျက်ရှိသည်။

Ref: ST

မလေးရှားနိုင်ငံရှိ စားသောက်ဆိုင်တစ်ခု၌ သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွား လူသုံးဦးသေဆုံး

ကွာလာလမ်ပူ၊ ပြည်တွင်းရေး

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟိုးပြည်နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဧပြီလ ၁၉ ရက် နေ့လယ်ပိုင်းတွင် သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ကသံသယရှိသူ အမျိုးသားတစ်ဦးကိုဖမ်းဆီးထားကြောင်းသိရသည်။ သေဆုံးသူများမှာ အသက် ၃၇ နှစ်မှ ၆၃ နှစ်အတွင်းရှိ ဒေသခံအမျိုးသားနှစ်ဦးနှင့် နိုင်ငံခြားသားတစ်ဦးတို့ဖြစ်ကြောင်း ဂျိုဟိုးရဲတပ်ဖွဲ့မှူးကပြောသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က အသက် ၇၁ နှစ်ရှိ သံသယရှိသူတစ်ဦးကို အခင်းဖြစ်ရာနေရာမှ မီတာ ၂၀၀ ခန့်အကွာ၌ဖမ်းဆီးရမိခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာတွင် အသုံးပြုခဲ့သည့် ပြောင်းချောသေနတ်တစ်လက်ကိုလည်း သိမ်းဆည်းရမိထားကြောင်း သိရသည်။

Ref: Xinhua

မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည်များကို ပစ်လွှတ်ဟု တောင်ကိုရီးယားထုတ်ပြန်



ဆိုး၊ စစ်ရေး

မြောက်ကိုရီးယားနိုင်ငံသည် ဧပြီလ ၁၉ ရက်နံနက်ပိုင်းတွင် အရှေ့ဘက်ပင်လယ်ပြင်သို့ တာတိုပစ်ဒုံးကျည်များကိုပစ်လွှတ်ကြောင်း တောင်ကိုရီးယားစစ်ဘက်က ထုတ်ပြန်ထားသည်။ ယင်းဒုံးကျည်များကို နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် မြောက်ကိုရီးယားနိုင်ငံ ဆင်းဖိုဒေသမှ ပစ်လွှတ်ခြင်းဖြစ်ပြီး ဒုံးကျည်များမှာ ကီလိုမီတာ ၁၄၀ ခန့် ပျံသန်းသွားကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားစစ်ဘက်သည် အမေရိကန်နှင့် ပူးပေါင်း၍ မြောက်ကိုရီးယား၏ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်နေပြီး ရန်စမှုမှန်သမျှကို ပြင်းပြင်းထန်ထန် တုံ့ပြန်ရန် အသင့်ရှိနေကြောင်း ပူးတွဲစစ်ဦးစီးချုပ်များရုံး၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

မြောက်ကိုရီးယား၏ဒုံးကျည်ပစ်လွှတ်မှုနှင့်ပတ်သက်သည့် အချက်အလက်များကို တောင်ကိုရီးယားနှင့် အမေရိကန်ထောက်လှမ်းရေးအဖွဲ့များကခြေရာခံပြီး ဂျပန်နိုင်ငံသို့လည်း သတင်းအချက်အလက်များ မျှဝေပေးထားသည်။ ယခုပစ်လွှတ်မှုတွင် ရေငုပ်သင်္ဘောအခြေပြုပဲ့ထိန်းဒုံးကျည် (SLBM) များ ပါဝင်နိုင်ခြေ ရှိ၊ မရှိ တောင်ကိုရီးယားစစ်ဘက်က သုံးသပ်လျက်ရှိသည်။ ဆင်းဖိုဒေသသည် ရေငုပ်သင်္ဘောကိုအခြေပြု၍ ဒုံးကျည်များပစ်လွှတ်ရာနေရာတစ်ခုဖြစ်ကြောင်းသိရသည်။

Ref: Yonhap

ဩစတြေးယားရှိ ကလေးအစားအစာဘူးတစ်ခုတွင် ကြွက်သတ်ဆေးများတွေ့ရှိ

ဗီယင်နာ၊ ကျန်းမာရေး


ဩစတြေးယားရှိကလေးအစားအစာဘူးတစ်ခုတွင် ကြွက်သတ်ဆေးများကိုတွေ့ရှိကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ပြီးနောက် သက်ဆိုင်ရာကုမ္ပဏီက ထုတ်ကုန်များကို ပြန်လည်သိမ်းဆည်းနေကြောင်း သိရသည်။ ဂျာမနီအခြေစိုက် HiPP အမှတ်တံဆိပ်၏ အာလူးနှင့် မုန်လာဥနီ ကလေးအစားအစာဘူးများတွင် ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်နေနိုင်သဖြင့် ဩစတြေးယားရှိ SPAR ကုန်တိုက်များမှ အဆိုပါထုတ်ကုန်များကို ပြန်လည်သိမ်းဆည်းရန် တာဝန်ရှိသူများက ယခုသီတင်းပတ်အကုန်ပိုင်းတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

လက်ရှိ၌ ဂျာမနီ၊ ဩစတြေးယား၊ ချက်သမ္မတနိုင်ငံနှင့် စလိုဗက်ကီးယားနိုင်ငံတို့တွင် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နေပြီး သိမ်းဆည်းရမိသည့် နမူနာပစ္စည်းကို စစ်ဆေးရာ ကြွက်သတ်ဆေးပါဝင်နေကြောင်းတာဝန်ရှိသူများက ဧပြီလ ၁၈ ရက် မွန်းလွဲပိုင်းတွင် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အောက်ခြေတွင်စာလုံးဖြူနှင့် အဝိုင်းနီပါဝင်သော အညွှန်းပါရှိသည့် ထိုထုတ်ကုန်များကို စားသုံးခြင်းမပြုရန်နှင့် ဝယ်ယူခဲ့သည့်ဆိုင်များသို့ ပြန်အပ်နှံရန် တာဝန်ရှိသူများကစားသုံးသူများကို အသိပေးထားသည်။ မကြာသေးမီက နာမည်ကျော်ကလေးနို့မှုန့်များကို နိုင်ငံပေါင်း ၆၀ ကျော်မှ ပြန်လည်သိမ်းဆည်းမှုပြုလုပ်ခဲ့ရကြောင်းသိရသည်။

Ref: AGC





ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

➢ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။

➢ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခပ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။

➢ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များဖြည့်သွင်းပေးပါရန်။

➢ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။

➢ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။

➢ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။

➢ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။

➢ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။

➢ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။

➢ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။

➢ ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

၁၉-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)**ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကိုအသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကိုဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင်အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန်မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့်အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသောပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့်အမွှေးတိုင် အစရှိသောပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့်လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများမပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်း၊ များမပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟုသေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသောအဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲ အစရှိသောမီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦးခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည်အရွယ်ရောက်ပြီး လူငယ်တစ်ဦးသယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည် အထိပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

မီးဘေးလုံခြုံရေးအသိပညာပေးစာစောင်



" မီးဘေး" ဆိုသည်မှာ လူပြုဒေသာ ဘေးတစ်စုံဖြစ်သည်။ သဘာဝဘေးလည်းဖြစ်နိုင်သည်။လူသားအရင်းအမြစ်နှင့်သဘာဝအရင်းအမြစ် အားလုံးကို ဖျက်ဆီးပစ်နိုင်သောဘေးဆိုးတစ်စုံဖြစ်သည်။


မီးဘေးကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

မီးဒဏ်ဆုံးရှုံးမှုအခြေအနေ

စဉ်	ခုနှစ်	အကြိမ်	မီးလောင်ဆုံးရှုံး သည့်အဆောက်အဦ	ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း)
၁	၂၀၂၁	၃၁၀	၁၉၆	၂၈၆၉၃.၄၉
၂	၂၀၂၂	၂၄၄	၃၅၆	၁၀၄၀.၂၇
၃	၂၀၂၃	၂၃၂	၁၆၈	၇၈၀၄.၅၈
၄	၂၀၂၄	၂၄၁	၂၂၄	၃၄၆.၄၇၅
၅	၂၀၂၅	၂၂၇	၅၅	၆၀၇.၅၅

မီးလောင်ကျမ်းခြင်း

မီးလောင်ကျမ်းခြင်းဆိုသည်မှာ အပူနှင့်အလင်းထွက်ပေါ်လာသည့် ဓါတုဓါတ်ပြုမှုတစ်စုံဖြစ်သည်။ မီးလောင်ကျမ်းရန် အဓိကအားဖြင့် လေ(သို့)ဓာတ်ဆီဂျင်၊ အပူနှင့်လောင်စာတို့ လိုအပ်ပါသည်။ယင်းတို့အထဲမှ တစ်စုံစုကို ဖယ်ရှားလိုက်လျှင် မီးလောင်ကျွမ်းမှု ရပ်ဆိုင်းသွားမည် ဖြစ်ပါသည်။



မီးသတ်ဆေးဘူးအသုံးပြုပုံ

၁။ မီးသတ်ဆေးဘူးလုံခြုံရေးသေချာတံကို ဆွဲဖြုတ်ပါ။
၂။ မီးလောင်မှုဖြစ်သည့် အခြေအရင်းအမြစ်ကို မီးသတ်ဆေးဘူး ခေါင်းဖြင့် ဝှိုန်ရွယ်ရပါမည်၊ မီးအနီးသို့ ကပ်နိုင်သမျှကပ်ပါ။
၃။ လက်ကိုင်ခလောင်းတံကို ဆွဲညှစ်ပါ။
၄။ မီးတောက်၏အခြေကို ဝှိုန်ရွယ်ပြီးမီးတောက်ပမာဏပေါ်မူတည်၍ ဝေ့ယမ်းခြံမီးသတ်ရပါမည်။



- မီးလောင်လျှင် ကြိတ်မခြိမ်းပါနှင့်။
- ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
- နီးစပ်ရာ မီးသတ်စနစ်သို့ အဖြန်ဆုံးအခကြောင်းကြားပါ။
- အခရေးပေါ်တယ်လီဖုန်းနံပါတ် ၁၁၀ ကိုဆက်သွယ်ပါ။

မီးသတ်ယာဉ် ၁ စီးရှိရသည် ဟုပြီး ပျှ ၃ မိနစ်သာ ပတ်ဝန်းရှိနိုင်သဖြင့် အဖြန်ဆုံးရောရှိနိုင်သည့်နေရာကို ညွှန်ပြပါ။

မီးဘေးရှောင် မလောင်ခင်တား

မီးသတ်ယာဉ်များအဖြန်ဆုံးလာရောက်ငြိမ်းသတ်နိုင်ရေးအတွက်

၁။ အဖြန်ဆုံးသတင်းပို့ပါ။
၂။ မီးလောင်သည့်နေရာကို အတိအကျသတင်းပို့ပါ။
၃။ မီးသတ်ယာဉ်/စက်များရောက်ရှိလာလျှင် မီးလောင်မှုနှုန်အနိုးစပ်ဆုံးနေရာသို့ ညွှန်ပြပေးပါ။
၄။ မီးသတ်ယာဉ်များသွားလာနိုင်ရေးအတွက် လမ်းကြောင်းရှင်းလင်းပယ်ရှားပြင်းဖြင့် ကူညီပါ။
၅။ မလိုအပ်ဘဲ ဝိုင်းအုံရပ်ကြည့်မနေဘဲ ဖယ်ရှားပေးပြင်းဖြင့်ကူညီပါ။
၆။ မီးမလောင်သေးသည့် မိမိတို့၏ နေအိမ်များရှိရာသို့ မီးသတ်ယာဉ်များကို ညွှန်ပြခြင်း၊ အတင်းအစမ်းမြိမ်းခြောက်စေါ်ယူခြင်း၊ အဟန့်ဆန့်စွာ အခနှောက်အယှက်ပြုခြင်းများကို ရှောင်ကြဉ်ပါ။

"191" app အသုံးပြုပုံ



လျှပ်စစ်တတ်အား သုံးလျှင်

၁။ ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
၂။ လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
၃။ လျှပ်စစ်မီးဖို၊ မီးပူများက သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
၄။ လျှပ်စစ်ပိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ပုံးအုပ် ငြိမ်းသတ်ပါ။
၅။ လျှပ်စစ်ပိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
၆။ ရွှတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။



တတ်ဆီဖြည့်လျှင်၊ တတ်ဆီဖလှယ်လျှင်

၁။ စက်နှိုးထားစဉ် ဆီမထည့်ရ၊ ဆီထည့်စဉ် လက်ကိုင်ဖုန်းမသုံးရ။
၂။ ဖယောင်းတိုင်မီးဖြင့်ကြည့်ခြင်း။ ဆေးလိပ်သောက်ခြင်းမပြုလုပ်ရ။
၃။ ရာသီဥတုပူပြင်းချိန် ပလတ်စတစ်ပုံးသုံးခြင်း ရှောင်ပါ။
၄။ လောင်စာဆီကို အင်ဂျင်ပန့်ဖြင့် တွန်းပို့ရှေ့ပြောင်းခြင်း မပြုရ။
၅။ ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်နိုင်သည်။



ပိသားစုဝင်အားလုံး အပြင်သွားပည်ဆိုလျှင်

၁။ လျှပ်စစ်မီးကိုပိတ်၊ပလပ်ကိုပြုတ်၊မီးအားအြင့်စက်နှင့် မိန်းခလုတ်ကို ပိတ်ခဲ့ပါ။
၂။ မီးဖိုမီးကြင်းမီးကျန် စစ်ဆေးပါ။
၃။ ဖယောင်းတိုင်၊ အမြွေးတိုင်၊ ခြင်ဆေးခွေ ငြိမ်းသတ်ခဲ့ပါ။

စုံပေါင်းကာကွယ်မီးဘေးအန္တရာယ်

မီးဖိုအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့် အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။



ဘုရားမီး အမွှေးတိုင်မီးပူဇော်လျှင်

၁။ အပူခံခွက်ပြားပေါ်တွင် ခိုင်မြအောင်ထွန်းပါ။
၂။ အမိုး၊ နံရံနှင့် မနီးကပ်ပါစေနှင့်။
၃။ ဘုရားပန်းခြောက်များ၊ ပလတ်စတစ်အိတ်အစများနှင့် နီးကပ်စွာ မထားပါနှင့်။

မိမိနေအိမ်တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန်

၁။ အိမ်နှင့်ခြံဝင်းအတွင်း အပို့က်သရိုက်များကို ရှင်းလင်းဖယ်ရှားထားပါ။
၂။ မီးခိုတ်၊ မီးကပ် ၊ သဲပုံး၊ လှေကားများကို စနစ်တကျ ထားရှိပါ။
၃။ မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
၄။ မီးသတ်ဆေးဘူးများ လုံလောက်စွာ ဆောင်ထားပါ။
၅။ လောင်စာဆီများ မသိုလှောင်ပါနှင့်။
၆။ လောင်စာဆီအနီး မီးခြစ်ခြင်း။ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
၇။ ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို မီးမလောင်နိုင်သော အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
၈။ လူစောင့်မရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
၉။ ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ စွန့်ပစ်ပါ။


အထပ်မြင့်တိုက်များ မီးလောင်လျှင်



၁။ ခုန်မချပါနှင့်၊
၂။ မကြောက်ပါနှင့်၊
၃။ စိတ်ငြိမ်ငြိမ်ထားပါ။
၄။ အရေးပေါ်ထွက်ပေါက်/လှေကားမှ ဘေးလွတ်ရာသို့ ထွက်ခွာပါ။
၅။ နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားပါ။

မီးလောင်ပူပြဲ၍ မီးခိုးအန္တရာယ်ကြုံတွေ့ရလျှင်

၁။ စိတ်ကို တည်ငြိမ်စွာထိန်း၍ ကြမ်းပြင်ပေါ်သို့ မှောက်ချပါ။
၂။ မိသားစုဝင်အားလုံးသိရှိအောင် အော်ဟစ်အကြောင်းကြားပါ။
၃။ တံခါးပေါက်သို့ လေးဖက်ထောက်(သို့မဟုတ်) ဝိချောင်းတက် အနေအထားဖြင့် အမြန်ထွက်ခွာပါ။ မိသားစုအားလုံး အပြင်သို့ ရောက်လျှင် တံခါးပြန်ပိတ်ပါ။
၄။ လွတ်မြောက်နေရာသို့ အမြန်ထွက်ခွာရင်း ပတ်ဝန်းကျင်မှ သိရှိအောင် အော်ဟစ် အကူအညီတောင်းပါ။ မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားပါ။
၅။ အသက်ရှူကိရိယာမရှိပါက လက်ကိုင်ပဝါ(သို့မဟုတ်) အဝတ်ကို ရေစွတ်ပြီး နာခေါင်းကိုပတ်၍ စည်းထားပါ။
၆။ အထပ်မြင့် အဆောက်အဦပေါ်မှ မီးဘေးလွတ်မြောက်ရန် ခုန်ချခြင်း မပြုလုပ်ရပါ။



Phone & PowerBank အသုံးပြုလျှင်

၁။ Phone & PowerBank အားသွင်းထားပြီးမနေမပါနှင့်။
၂။ Phone & PowerBank အားသွင်းထားစဉ်နှ် အပူစဉ်နှ်မြင့်မားလာပါက ချက်ခြင်းဖြုတ်ပါ။
၃။ မီးလောင်လွယ်သော ပစ္စည်းပစ္စားပေါ်တွင်ထား၍ အားမသွင်းရ။

မီးမရှိသေ သုံးစွဲလေ မွဲတေ ဆင်းရဲမည်

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာ ခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအောင်မြေ့၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအောင်မြေသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်ပြင်ခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၆)

အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာဖြန့်ဝေရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေး အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် မှုန် ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ။
- ရေများများသောက်ပါ။



အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၂

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နှဲ့ချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက် များကိုလိုက်နာပါ။



အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၃ ၄

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

ဧရာဝတီမြစ်ကမ်းတစ်လျှောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလူထုလှုပ်ရှားမှု အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်



မင်းဘူး ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ထောက်ရှာပင်ဆိပ်ကမ်း၌ ဧရာဝတီမြစ်ကမ်းတစ်လျှောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးခြင်းလုပ်ငန်းကို ဧပြီလ ၁၈ ရက်က တာဝန်ရှိသူများကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ညွှန်ကြားချက်အရ ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် ဆိပ်ကမ်းနယ်များ၌ ဆိုက်ကပ်ထားသော ရေယာဉ်များ၊ ဆိပ်ကမ်းနယ်အနီးဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများ၊ ဆိပ်ကမ်းအနီးတစ်ဝိုက်တွင် နေထိုင်သူများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးနှင့် စွန့်ပစ်အမှိုက်များအား မြစ်ချောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်နိုင်ရန် လူထုလှုပ်ရှားမှုအဖြစ် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့က မင်းဘူးမြို့နယ် ထောက်ရှာပင်ဆိပ်ကမ်းရှိ ရေယာဉ်များပေါ်တွင် အသိပညာပေးဗီနိုင်းပိုစတာများကပ်ခြင်း၊ ဧရာဝတီမြစ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှု အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လူစည်ကားရာနေရာများတွင် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေး အမှိုက်ပုံးထားရှိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာသို့ မင်းဘူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မင်းဘူးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျနှင့်ဝန်ထမ်းများ၊ မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်သစ်တောဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ချမ်းမြေ

နတ်မောက်မြို့၌ နှစ်ဦးပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးဘိုးဘွားများအားပူဇော်ကန်တော့ပွဲကျင်းပ

နတ်မောက် ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ နှစ်ဦးပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီလ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပင့်သံဃာကိုးပါးမှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက် ဆရာတော်ထံမှ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပူဇော်ကန်တော့ပွဲကို ကျင်းပရာမြို့ပေါ်ခုနစ်ရပ်ကွက်ရှိသက်ကြီးဘိုးဘွား ၂၁ ဦးတို့အား မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

လှဝင်း

မြစ်သားမြို့နယ် ရွှေကြာအင်းကျေးရွာ၌ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မြစ်သား ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ရွှေကြာအင်းကျေးရွာ၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်၌ ပဲတီစိမ်းကို မတ်လနှင့် ဧပြီလတို့တွင် ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမွန်စေရန် မိရိုးဖလာကြဲပက်စနစ်အပြင် သိပ္ပံနည်းကျ စိုက်ပျိုးခြင်းဖြစ်သော ပေါင်ကြီးတင်စနစ်များဖြင့် စိုက်ပျိုးကြသည်။ ကြဲပက်စနစ်ဖြင့်စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် ပဲတီစိမ်းမျိုးစေ့လေးပြည်ခန့် အသုံးပြုရပြီး ပေါင်ကြီးတင်စနစ်ဖြင့်စိုက်ပျိုးပါက ပဲတီစိမ်းမျိုးစေ့ နှစ်ပြည်ခန့် အသုံးပြုစိုက်ပျိုးရကြောင်း သိရသည်။

ပဲတီစိမ်းစိုက်ပျိုးရာတွင် အပင်ပြုစုမှုနှင့် ရာသီဥတုကောင်းမွန်ပါက တစ်ဧကလျှင် ၁၀ တင်းမှ ၁၇ တင်းခန့် ထွက်ရှိကြောင်းသိရသည်။

ဝါဝါမြင့်(မြစ်သား)



ဂျပန်နိုင်ငံမှ ပေးအပ်မည့် MEXT Scholarship 2027 အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားနိုင်

ရန်ကုန် ဧပြီ ၁၉

ဂျပန်နိုင်ငံမှ ပေးအပ်မည့် MEXT Scholarship 2027 အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ သိရသည်။

"MEXT Scholarship 2027 အတွက် လျှောက်လွှာလက်ခံခြင်းကို ဧပြီလအတွင်း တရားဝင်ကြေညာချက်ထုတ်ပြန်နိုင်မယ်လို့ သိရပါတယ်။ အဲဒီအတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့ လိုပါတယ်"ဟု မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လျှောက်ထားမည့်သူများအနေဖြင့် ပြီးခဲ့သည့်နှစ် MEXT Scholarship 2026 ၏ ညွှန်ကြားချက်များနှင့် ပြင်ဆင်ရမည့် စာရွက်စာတမ်းများကို ကိုးကား၍ ကြိုတင်လေ့လာပြင်ဆင်ထားနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့် MEXT Scholarship 2026 က ပြည်တွင်း/ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများအား လျှောက်ထားခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လျှောက်ထားသည့်လုပ်ငန်းစဉ်နှင့် သတ်မှတ်ထားသော အချိန်ဇယားများသည် နိုင်ငံအလိုက် ကွဲပြားမှုများရှိတတ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရှိ ဂျပန်သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးထံမေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

ဖြူဖြူ

ပွင့်ဖြူမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းတိုင်များ ကျိုးပဲ့ပျက်စီးမှုဖြစ်ပွား



ပွင့်ဖြူ ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယနေ့ ညနေ ၅ နာရီခန့်တွင် ရုတ်တရက်မိုးသက်လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး အဆိုပါမိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားလိုင်းတိုင်များ ကျိုးပဲ့ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပွင့်ဖြူမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ ဖီဒါ-၃ (ရှောက်တောဖီဒါ) ဓာတ်အားလိုင်းပေါ်သို့ လမ်းဘေးရှိ ကုက္ကိုပင်ကျိုးကျ၍ Single Pole Tension ဓာတ်တိုင်တစ်တိုင်နှင့် ၎င်းဖီဒါရှိ ကျောင်းစု - သာဂရကျေးရွာသို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ဓာတ်အားလိုင်းတွင်လည်း လေပြင်းတိုက်ခတ်ခဲ့သဖြင့် H - Pole Tension ဓာတ်တိုင် နှစ်တိုင်၊ Suspension တိုင် ၁၇ တိုင်လဲကျ ကျိုးပဲ့ပျက်စီးသွားခဲ့ရာ မြို့နယ်အတွင်းရှိကျေးရွာ ၇၀ နှင့် မီးသုံးစွဲသူဦးရေ ၈၀၀၀ ဦးခန့် ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးပဲ့ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားလိုင်းတိုင်များကို ပြည်သူများ လျှပ်စစ်မီး ပြန်လည်အသုံးပြုနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမင်းနိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများအဖွဲ့က သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်းပြီး ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

➜ မကွေးတိုင်းဒေသကြီးမှ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တောင်သူများကို စက်သုံးဆီအခက်အခဲလျော့နည်းသက်သာစေရေးနှင့် စျေးနှုန်းသက်သာစွာ အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသည့်ကျေးရွာများသို့ ပြည်တွင်းထုတ် ဒီဇယ်ဆီ ၁ ဂါလန်လျှင် ငွေကျပ်တစ်သောင်းနှုန်း လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက်တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ယခုဘောလုံးရာသီတွင် ရှုံးပွဲမရှိ အချိန်အကြာဆုံးစံချိန်ကို ဘုန်းမောက်အသင်း ဆက်လက်ထိန်းသိမ်းထားနိုင်

လန်ဒန် ၉ပြီ ၁၉

ဘုန်းမောက်အသင်းသည် နယူးကာဆယ်အသင်းကိုအနိုင်ရရှိပြီးနောက် ယခုဘောလုံးရာသီတွင် ရှုံးပွဲမရှိ အချိန်အကြာဆုံးစံချိန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃)အဖြစ် ကစားသည့် နယူးကာဆယ်အသင်းနှင့် ဘုန်းမောက်အသင်းတို့ပွဲစဉ်တွင် ဘုန်းမောက်အသင်းက အဝေးကွင်း၌ ၂ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၃ ပွဲဆက် ရှုံးပွဲမရှိမှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဧန်နဝါရီလ ၄ ရက်က အာဆင်နယ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက်ပိုင်း ၁၃ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ၁၃ ပွဲတွင် စပါးအသင်း၊ လီဗာပူးအသင်း၊ ဝုဗ်အသင်း၊ အဲဗာတန်အသင်း၊ အာဆင်နယ်အသင်း၊ နယူးကာဆယ်အသင်းတို့ကိုအနိုင်ရရှိပြီး ဘရိုက်တန်အသင်း၊ အက်စ်တွန်ဗီလာအသင်း၊ ဝက်စ်ဟမ်းအသင်း၊ ဆန်းဒါးလန်းအသင်း၊ ဘရန်ဖို့ဒ်အသင်း၊ ဘန်လေအသင်း၊ မန်ယူအသင်းတို့နှင့်ပွဲစဉ်များတွင် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဘုန်းမောက်အသင်းအနေဖြင့် နယူးကာဆယ်အသင်းကို အနိုင်ရရှိပြီးနောက် ရမှတ် ၄၈ မှတ်ဖြင့် ရာသီအကုန်တွင် ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

Ref;Fotmob



ဆော်ဒီအသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် လအနည်းငယ်အလိုတွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ပြီး နည်းပြသစ်အဖြစ် ဒိုနစ်အားခန့်အပ်

ရီယက် ၉ပြီ ၁၉

ဆော်ဒီအသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် လအနည်းငယ်အလိုတွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ပြီး နည်းပြသစ်အဖြစ် ဒိုနစ်အားခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၅၇ နှစ်အရွယ် ပြင်သစ်လူမျိုးနည်းပြ ရီနက်သည် ဆော်ဒီအသင်းကို ဒုတိယအကြိမ်အဖြစ် ၂၀၂၄ ခုနှစ် အောက်တိုဘာလက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း နောက်ပိုင်းကာလများတွင် ရလဒ်များဆိုးရွားခဲ့သည်။

ဆော်ဒီအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်များအဖြစ်ကစားခဲ့သည့် အီဂျစ်အသင်းနှင့်ပွဲစဉ်တွင် ၄ ဂိုး- ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သကဲ့သို့ ဆားဘီးယားအသင်းနှင့်ပွဲစဉ်တွင်လည်း ၂ ဂိုး-၁ ဂိုးဖြင့်ရှုံးနိမ့်ပြီးနောက် နည်းပြရီနက်အား ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအသင်းက နည်းပြရီနက်ကိုရာထူးမှထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် ဒိုနစ်အားခန့်အပ်ရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြ ရီနက်အနေဖြင့် ဆော်ဒီအသင်းကို ဒုတိယအကြိမ် တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၁၃ ပွဲအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ခြောက်ပွဲသရေရလဒ်နှင့် ၁၁ ပွဲ ရှုံးနိမ့်ခဲ့သည်။ ဆော်ဒီအသင်းနည်းပြသစ် ဒိုနစ်သည် ဆော်ဒီကလပ် အယ်ခါလီအသင်းကိုသာ တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီး နိုင်ငံလက်ရွေးစင်အသင်းကို မကိုင်တွယ်ရသေးဘဲ ယခုမှသာ ဆော်ဒီအသင်းကို ပထမအကြိမ်ကိုင်တွယ်ရမည်ဖြစ်သည်။

ဆော်ဒီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(H)၌ စပိန်အသင်း၊ ဥရုဂွေးအသင်း၊ ကိတ်ဗာဒီအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေကြောင်း သိရသည်။

Ref;One Football

ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမားကိုးလ်ပယ်မာက အပြောင်းအရွှေ့သတင်းများကို ငြင်းပယ်ခဲ့ပြီး အသင်း၌သာ ဆက်လက်ကစားရန်ဆုံးဖြတ်



လန်ဒန် ၉ပြီ ၁၉

ချယ်လ်ဆီးအသင်း၏ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ကိုးလ်ပယ်မာသည် အပြောင်းအရွှေ့သတင်းများကိုငြင်းပယ်ခဲ့ပြီး အသင်း၌သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ကိုးလ်ပယ်မာသည် မန်စီးတီးအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်သော်လည်း မန်စီးတီးအသင်း၌ နည်းပြ ဂွါဒီယိုလာလက်အောက်တွင် ပွဲကစားခွင့်မရရှိသည့်အတွက် ၂၀၂၃ ခုနှစ်က ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ကိုးလ်ပယ်မာသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၄၅ ပွဲကစားခဲ့ရာတွင် ၂၅ ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု ၁၅ ကြိမ်ပြုလုပ်နိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့သည်။

သို့သော် ကိုးလ်ပယ်မာသည် ယခုဘောလုံးရာသီတွင် ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းမှုနှင့်အတူ အသင်း၌ မပျော်မရွှင်ဖြစ်နေသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကိုးလ်ပယ်မာသည် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဧာတိမြို့ခံကလပ်အသင်းဖြစ်သည့် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ အဆိုပါသတင်းများကိုငြင်းပယ်ခဲ့ပြီး ချယ်လ်ဆီးအသင်း၌သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း အသင်းမှ ဝါရင့်ကွင်းလယ်ကစားသမား ဖာနန်ဒက်အနေဖြင့် အနာဂတ်မရေမရာဖြစ်နေသည့်အတွက် ၎င်း၏နေရာ၌ ကိုးလ်ပယ်မာနှင့်အစားထိုးလိုနေခြင်းဖြစ်သည်။

ကိုးလ်ပယ်မာနှင့် ချယ်လ်ဆီးအသင်းတို့သည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က လာမည့် ၂၀၃၃ ခုနှစ်အထိ ကာလရှည်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုထားသည့်အတွက် ချယ်လ်ဆီးအသင်း၌ ကာလရှည် ဆက်လက်ကစားသွားဖွယ်ရှိကြောင်း သိရသည်။

Ref;Top Skills Sports UK

ဘိုင်ယန်မြူးနစ်အသင်းက ပါလိုဗစ်အား ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုကြေညာ

ဘာလင် ၉ပြီ ၁၉

ဘိုင်ယန်မြူးနစ်အသင်းက အသင်းမှ လူငယ်ကွင်းလယ်ကစားသမား ပါလိုဗစ်အား ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၂၁ နှစ်အရွယ် ပါလိုဗစ်သည် ဘိုင်ယန်မြူးနစ်အသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်မှစ၍ အသင်းကြီးနှင့် ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ပါလိုဗစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီမှစ၍ အသင်းကြီး၌ ပွဲစဉ်အများစုပါဝင်ကစားခွင့်ရရှိကာ ခြေစွမ်းပြနိုင်ပြီး ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၄၃ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

မန်ယူအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည့် ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုး၏နေရာ၌အစားထိုးရန် ပါလိုဗစ်အား ခေါ်ယူလိုသည့်အတွက် အပြောင်းအရွှေ့ကာလ မတိုင်မီကတည်းက အေးဂျင့်ဖြစ်သူထံ မေးမြန်းမှုများ လုပ်ဆောင်ထားခြင်းဖြစ်သည်။

သို့သော် ဘိုင်ယန်မြူးနစ်အသင်းက ပါလိုဗစ်အတွက် မည်သည့်ကမ်းလှမ်းမှုမျိုးကိုမဆို ပယ်ချသွားမည်ဟုအတည်ပြုကြေညာထားကြောင်း သိရသည်။

Ref; Top Skills Sports UK

ဘင်ခရာအသင်းဖွဲ့စည်းနိုင်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ



မိုင်းဖြတ် ၈ပြို ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဘင်ခရာအသင်း ဖွဲ့စည်းနိုင်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ၈ပြိုလ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါ စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်ကျောင်းအကျိုးတော်ဆောင် ဂုဏ်ထူးဆောင်နာယက သုခမ္မမဏီဧရာတခရ ဦးထွန်းရွှေက အလှူငွေများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားများပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က ကျေးဇူးတင်စကားများပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဘင်ခရာအသင်းဖွဲ့စည်းနိုင်ရေးအတွက် အလှူရှင်ကျောင်းအကျိုးတော်ဆောင် ဂုဏ်ထူးဆောင် နာယက သုခမ္မမဏီဧရာတခရ ဦးထွန်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလှူငွေများကိုပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က လက်ခံရယူကြောင်း သိရသည်။ **ရွှေကို(မိုင်းဖြတ်)**



မိုင်းတုံမြို့နယ်၌ သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ

မိုင်းတုံ ၈ပြို ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် မြို့လယ်ခမ္မာရုံ၌ ဧပြီလ ၁၈ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိသက်ကြီးဘိုးဘွားများအား သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ကန်တော့ခံသက်ကြီးဘိုးဘွားများအား တက်ရောက်လာကြသည့် ဧည့်သည်တော်များက ဦးသုံးကြိမ်ချရှိခိုး ကန်တော့ကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကန်တော့ခံသက်ကြီးဘိုးဘွား ၅၀ ဦးအား ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အလှူရှင်မိသားစုများက ကန်တော့ပစ္စည်းများ၊ အလှူငွေများနှင့် စားသောက်ဖွယ်ရာများဖြင့် ကန်တော့ကြကြောင်း သိရသည်။

ဝင်းဝင်းခိုင်(မိုင်းတုံ/ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



မိုင်းဖြတ် ၈ပြို ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် မိုင်းဟဲကျေးရွာအုပ်စုရှေခင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ၈ပြိုလ ၁၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း မှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါကျေးရွာတွင်း လမ်းအရှည် ပေ ၅၀၀ ၊ အကျယ် ၁၀ ပေ ၊ ထူ ၆ လက်မ ရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၂၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်းသိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု ၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်အိုးစည်

မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုင်းပျဉ်း ၈ပြို ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ယမ်းခမ်းအုပ်စု နားညောင်-ယမ်းခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ၈ပြိုလ ၁၈ ရက် နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းလောင်မှိုင်းနှင့်ဝန်ထမ်းများက မွေးမြူရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်ရန် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင် ကျေးရွာအရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ခြင်းဖြစ်ပြီး မွေးမြူရေးလုပ်ကိုင်သူ ၁၃ ဦးအား ငွေကျပ်သိန်း ၂၆၀၊ အရောင်းအဝယ်လုပ်ကိုင်သူခုနစ်ဦးအား ငွေကျပ်သိန်း၁၄၀ စုစုပေါင်း အသင်းသား၊အသင်းသူ ၂၀ ဦးအား ငွေကျပ်သိန်း ၄၀၀ ထုတ်ချေးထားကြောင်း သိရသည်။

မင်းလွင်

တာချီလိတ်မြို့၌ ဓာတ်အားယူနစ်ခများ လျော့ချကောက်ခံသွားမည်

တာချီလိတ် ၈ပြို ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ကမ္ဘာ့လောင်စာဆီဈေးနှုန်းတိုးမြှင့်မှုများကြောင့် ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ ဝန်ထုပ်ဝန်ပိုးလျော့ကျစေရန် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အားယူနစ် လျော့ချကောက်ခံသွားမည်ဖြစ်ကြောင်း မြို့မီးလင်းရေးဦးဆောင်ကော်မတီထံမှ သိရသည်။

ထိုသို့လျော့ချကောက်ခံရာတွင် ယခင်က အိမ်သုံးမီတာတစ်ယူနစ်လျှင် ဒေသသုံးထိုင်းဘတ်ငွေ ၅ ဒသမ ၈၀ ဘတ်နှုန်းဖြင့်လည်းကောင်း၊ လုပ်ငန်းသုံးပါဝါမီတာတစ်ယူနစ်လျှင် ၇ ဒသမ ၂၀ ဘတ်နှုန်းဖြင့် ကောက်ခံဖြန့်ဖြူးရာမှ ယခုအခါ ၈ပြိုလ သုံးစွဲယူနစ်ဓာတ်အားခမှ မေလနှင့်ဇွန်လ အထိ သုံးလစာ သုံးစွဲယူနစ်ဓာတ်အားခများအား အိမ်သုံးမီတာ တစ်ယူနစ်လျှင် ၅ ဒသမ ၇၀ ဘတ်နှုန်းသို့ လုပ်ငန်းသုံးပါဝါမီတာ တစ်ယူနစ်လျှင် ၇ ဒသမ ၁၀ ဘတ်နှုန်းသို့ ပထမအကြိမ် လျော့ချပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်နေမှုကွင်းဆင်းစစ်ဆေး

မိုင်းတုံ ၈ပြို ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မောက်စလီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ၈ပြိုလ ၁၉ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက မောက်စလီကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မောက်စလီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၃၈ ဦးကို (၁၂) ကြိမ်မြောက် ရန်ပုံငွေကျပ် ၅၀၅ သိန်း အထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားနိုင်ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချိုသန်းညွှန့်(ကျေးလက်)**

လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဂန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေအပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်ငိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြွံခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ခန် / သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နှန်းကြိုးဖြင့် ခိုင်မြစွာ ချည်နှောင်ပါ။



၂



၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၆။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၇။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီအခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကိုလျော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

အုတ်တွင်းမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ



အုတ်တွင်း ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပစာပေများဖတ်ရှုသည့်အလေ့အကျင့်များရရှိစေရေး၊ စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရေးနှင့်အသိပညာဗဟုသုတများရရှိစေရေး အတွက်ယနေ့နံနက် ၁၀ နာရီတွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ငွေတာရီမဂ္ဂဇင်းအမှတ်(၇၈၇) ဖေဖော်ဝါရီလ ၂၀၂၆ ခုနှစ်ထုတ်စာအုပ်ပါဆောင်းပါးရှင် ကိုရွှေညံ(မြန်မာစာ)ရေးသားသည့် "အလေ့အကျင့်ကောင်းတစ်ခုပြုစုပျိုးထောင်ကြဖို့ရာ" ခေါင်းစဉ်ဖြင့်စာဖတ်ဝိုင်းကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ချို(စာရေးဆရာ ခင်မောင်ချို -ကညွတ်ကွင်း)က ဆောင်းပါးပါအကြောင်းအရာများအား ရှင်းလင်းဆွေးနွေးပြောကြားပြီး စာဖတ်ဝိုင်းသို့တက်ရောက်လာသော စာပေဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူတို့က အချင်းချင်းအပြန်အလှန်ဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေရန်အတွက်ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအသိပညာပေးနံရံကပ်စာစောင်များ ပြသဆောင်ရွက်ပေးကြောင်းသိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာလွတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေခဲတံပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိ၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချောတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

➤ **ကျောဖုံးမှအဆက်**

နိုင်ငံ့ဂုဏ်ဆောင်ပြေးခုန်ပစ်ကစားသမားများသည် ယမန်နေ့က ၁၀ နာရီခွဲက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ အောင်ပွဲရနိုင်ငံ့ဂုဏ်ဆောင်ပြေးခုန်ပစ်ကစားသမားများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံပြေးခုန်ပစ်နည်းစနစ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝမ်းပန်းတသာပန်းကုံများဖြင့် ကြိုဆိုခဲ့ကြသည်။

ယင်းပြိုင်ပွဲ၏ အမျိုးသမီး မီတာ ၁၀၀၀၀ လမ်းလျှောက်(Race Walk)ပြိုင်ပွဲတွင် မြန်မာကစားသမား ဇင်မေထက်က ၅၄:၃၂.၆၄ မိနစ်ဖြင့် ပထမဆု(ရွှေတံဆိပ်)ဆွတ်ခူးရရှိခဲ့ပြီး စံချိန်သစ်တင်နိုင်ခဲ့ကာ အမျိုးသား မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် နိုင်လင်းထွန်းက ၄၉:၃၉.၁၆ မိနစ်ဖြင့် ဒုတိယဆု(ငွေတံဆိပ်)ရရှိခဲ့ကြသည်။

ထို့အတူ အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ရဲရင့်အောင်က ၃:၅၈.၆၃ မိနစ်ဖြင့် ဒုတိယဆု(ငွေတံဆိပ်)ရရှိခဲ့ပြီး ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ အားကစားသမားက ၃:၅၄.၃၄ မိနစ်ဖြင့် ပထမဆု(ရွှေတံဆိပ်)ရရှိခဲ့ကာ စင်ကာပူနိုင်ငံမှကစားသမားက ၄:၀၀.၇၇ မိနစ်ဖြင့်တတိယဆု(ကြေးတံဆိပ်)ဆွတ်ခူးရရှိခဲ့ကြသည်။

အလားတူ အမျိုးသားလှံတံပစ်(Javelin Throw)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၅ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ချစ်မင်းအောင်က ၆၃ ဒသမ၂၂ မီတာဖြင့် တတိယဆု(ကြေးတံဆိပ်)ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ အားကစားသမားက ၆၄ ဒသမ ၁၀ မီတာဖြင့် ဒုတိယဆု(ငွေတံဆိပ်)နှင့် တရုတ်(တိုင်ပေ)မှ ကစားသမားက ၆၈ ဒသမ ၃၈ မီတာဖြင့် ပထမဆု(ရွှေတံဆိပ်)ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

❐ **Myanmar Plaza မှ**

ဝါရင့်ကစားသမားများနှင့် အရည်အသွေးထက်မြက်သည့် မျိုးဆက်သစ်လူငယ်များက လေးယောက်တွဲအလွတ်တန်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းလောက၏ အစဉ်အလာကြီးမားသောထိပ်သီးကလပ်အသင်းများဖြစ်သည့် ဆယ်တဲဗိုလ်၊ လိပ်သုံးကောင်၊ ခေတ်ကျောင်းသား၊ YRG၊ ရွှေကျွန်းသား၊ ဒွေးမယ်နော်၊ USL နှင့် ဆန်းညွှန့်ကလပ်တို့မှ မြန်မာ့လက်ရွေးစင်ကစားသမားများ၊ ဝါရင့်ကစားသမားကြီးများနှင့် မျိုးဆက်သစ်လူငယ်များပါဝင်ကြမည်ဖြစ်ကြောင်းလည်းသိရသည်။

ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူများ အစည်းအဝေးနှင့် ပွဲစဉ်များရေးဆွဲခြင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၂ ရက် နံနက် ၁၀ နာရီတွင် သဃၤန်းကျွန်းမြို့နယ်သုဝဏ္ဏရှိမြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ရုံးခန်း၌ ကျင်းပမည်ဖြစ်ပြီး ဆုကြေးငွေအဖြစ် ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆုငွေကျပ်သိန်း ၃၀၊ ပူးတွဲတတိယဆုနှစ်ဆုတစ်ဆုလျှင် ငွေကျပ် ၁၅ သိန်းစီဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ သိရသည်။ **ဝန်းရံခ**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/၈လ)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁	၀၃/မမ/CE	(1"x1$^{1/2}$")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၁၀၀၀၀)ကျင်းအား အောက်ပါ(ဘူတာ/ကျောက်စုပုံကွင်း)အရောက်ဝယ်ယူရန်(မုပွလင်= ၅၀၀၀ ကျင်း၊ ရွှေတံခါး= ၅၀၀၀ ကျင်း)

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၇-၄-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၀-၄-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 294352, 291994

ပြောက်ဆုံးကြောင်း
မဟန်စုရှင်(ဘ)ဦးဖုံဆူးချင် ၁၃/သမည(နိုင်)၀၁၃၂၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၉၀၉၁၁၆

ပြောက်ဆုံးကြောင်း
အောင်ဆန်းလင်း(ဘ)ဦးကျော်ဇော(၉/ခအစ(နိုင်)၀၁၈၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၉၀၉၁၁၆

ပြောက်ဆုံးကြောင်း
ဇင်မျိုးမျိုး(ဘ)ဦးမျိုးမြင့်သိန်း ၁၂/အစန(နိုင်)၂၄၄၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပြောက်ဆုံးကြောင်း
မောင်မောင်၀င်း(ဘ)ဦးခင်ထွန်း ၈/အလန(နိုင်)၁၄၂၇၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၆၂


ပြောက်ဆုံးကြောင်း
ခင်မျိုးဥမ္မာ(ဘ)ဦးချစ်ညီ ၁၂/မဂတ(နိုင်)၀၂၁၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၀၁၅၅၆၈

ပြောက်ဆုံးကြောင်း
ကြည်စင်လင်း(ဘ)ဦးတင်မောင် ၁၂/ပဘတ(နိုင်)၀၄၀၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၀၁၅၅၆၈

ပြောက်ဆုံးကြောင်း
မိုဟာမက်ဆွာဒစ်(ခ)မောင်သူရိန်ကိုကို(ဘ)အမင်း(ခ)ဦးကိုကိုလေး ၁၂/ပဘတ(နိုင်)၀၃၄၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၆၂**

အလိမ္မာစာမှာရှိ

SMART®
GENTLEMEN FASHION



Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services



LPM
LANN PYI MARINE
COMPANY LIMITED

No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

ကုန်ဆုံးသွားသောစွမ်းအားများ DAGON MALTA FRESH နဲ့ ပြည့်စွမ်းထား



ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၁၀၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

သဘာဝအစစ်ဖို့ အရသာထူး စိတ်ရှင်ကြည်နူး

ရွှေဖီဦး



ASEAN-OSHNET AWARD
Best Practices Award

Plus Vitamin C
ISO 9001:2008 Cert. No.688076
Cert. No.688429
FDA အမှတ်
စင်/ ၁၄၀၉၁/ထလ



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

- နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ကစားသမားလေဦးဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်ပြေးခုန်ပစ် ကစားသမားများ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၁၉

စင်ကာပူနိုင်ငံ၌ ဧပြီလ ၁၃ ရက်မှ ၁၇ ရက်အထိကျင်းပခဲ့သည့် 86th Singapore Open Track & Field Championships 2026 ပြိုင်ပွဲတွင် Event လေးမျိုး၌ မြန်မာပြေးခုန်ပစ်အားကစားသမားလေဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု စုစုပေါင်းဆုတံဆိပ်လေးခုဆွတ်ခူးရရှိခဲ့သည့် **စာမျက်နှာ ၃၀ ကော်လံ ၄ ➤**





မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဒီဇယ်ဆီ ၁ ဂါလန်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် တောင်သူများထံ တိုက်ရိုက်ရောင်းချ

မကွေး ဧပြီ ၁၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်း၍ ပြည်တွင်းထုတ်ဒီဇယ်ဆီများကို ပွင့်ဖြူမြို့နယ်နှင့် နတ်မောက်မြို့နယ်တို့အတွင်းရှိ တောင်သူများထံ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ပွင့်ဖြူမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးရေးအတွက် မြေပြင်ရန်ကျန်ရှိသော စိုက်ဧက ၂၀၅၆၉ ဧကအတွက် ၁ ဧကလျှင် ၁ ဂါလန်နှုန်းဖြင့် ပြည်တွင်းထုတ်ဒီဇယ်ဆီ ၂၀၅၆၉ ဂါလန်ကို ကျေးရွာများအတွက် စုရပ်ငါးနေရာ၌ တောင်သူများလက်ဝယ်အရောက်တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ထို့ပြင် နတ်မောက်မြို့နယ်ရှိ နွေစပါးနှင့် ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော မြေဧက ၄၅ ဧကအတွက် ပြည်တွင်းထုတ်ဒီဇယ်ဆီ ၄၅ ဂါလန်အား စရံအိုင်ကျေးရွာအုပ်စု စိုက်ပျိုးရေးစုရပ်ဆုံနေရာ၌ တောင်သူများလက်ဝယ်အရောက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ➜

Myanmar Plaza Sepaktakraw Challenge Cup ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှကြီးမှူးရှု၍ မြန်မာပလာဇာ(Myanmar Plaza)၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် Myanmar Plaza Sepaktakraw Challenge Cup ပိုက်ကျော်ခြင်းပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာပလာဇာ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ဧပြီလ ၂၃ ရက်မှ ၂၆ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင်မြန်မာ့လက်ရွေးစင်ကစားသမားများ၊ **စာမျက်နှာ ၃၀ ကော်လံ ၄** ❐



မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၁၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

